# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၃) ရက် ၊ စနေနေ့ ၊ (30-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္တုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် **စာမျက်နှာ ၁၇ ကော်လံ ၁** ⇨

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေးလမ်းသွား ဆင်သေချောင်းတံတား (ကျောက်ချက်) ဖွင့်လှစ် စာမျက်နှာ - ၁၇

အမျိုးသား ပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅)ပြန်လည်သုံးသပ်ရေး အစည်းအဝေးကျင်းပ စာမျက်နှာ - ၁၆

ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် အသိပေးကြေညာ စာမျက်နှာ - ၁၉




ရတနာပုံ
၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်

အယ်ဒီတာ့အာဘော်

# ကျန်းမာရေးအဆင့်အတန်းမြင့်မားဖို့ လမ်းလျှောက်ကြပါစို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူအားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးကို လူမှုရေးဦးတည်ချက်ထဲတွင် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ တစ်မျိုးသားလုံး ကာယ၊ ဉာဏ၊ စာရိတ္တ အစရှိသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ အားကစားကို ပြည်သူအများ စိတ်ပါဝင်စားပြီး လေ့လာလိုက်စားခြင်းဖြင့် လူတိုင်း ကျန်းမာသန်စွမ်း၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ချမ်းအေးလှသော ဒီဇင်ဘာလတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ အစပြုကာ ဌာနအလိုက် ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပြင် ဌာနဆိုင်ရာ အသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကျန်းမာရေးလိုက်စားသည့်ပြည်သူများ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြလေ့ရှိသည်။

ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲများတွင် ကိုယ်လက်လှုပ်ရှားမှုနည်းပါးပြီး လုပ်ငန်းသဘောအရ အထိုင်များသော ရုံးဝန်ထမ်းများပါဝင်ကြခြင်းသည် တက်ကြွလန်းဆန်းစွာ လုပ်ငန်းတာဝန်များကို ပိုမိုထမ်းရွက်နိုင်စေမည်။ ထို့ပြင် ဌာနအသီးသီးမှ ဝန်ထမ်းအချင်းချင်း စိတ်လက်ပေါ့ပါးစွာ ဆုံတွေ့လမ်းလျှောက်ရင်းနှီးမှုမှတစ်ဆင့် ဝန်ထမ်းအချင်းချင်း ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှုများ ရရှိတိုးပွားလာစေမည်ဖြစ်ရာ ကာယသုခ၊ စိတ္တသုခ၊ မိတ္တဗလတိုးပွားစေသော စုပေါင်းလမ်းလျှောက်ခြင်းကို မပျက်မကွက် ပါဝင်ဆင်နွှဲသင့်ပေသည်။

ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခြင်းအမျိုးမျိုးရှိသည့်အနက် ငွေမကုန်၊ လူမပန်းစေဘဲ အမှန်တကယ်ကိုယ်ရောစိတ်ပါ ကျန်းမာစေသော အားကစားတစ်ခုမှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ အရွယ်သုံးပါးစလုံးအတွက် အထူးသင့်တော်သော လေ့ကျင့်ခန်းတစ်ခုဖြစ်ပြီး လူ့ဘဝ၌ အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းတစ်ရပ်လည်းဖြစ်ပါသည်။ နေ့စဉ် မှန်မှန် လမ်းလျှောက်ခြင်းကို ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုအဖြစ် ပြုလုပ်သူတိုင်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ရွှင်လန်းတက်ကြွနေသူတို့သည် မိသားစု၊ ရပ်ရွာပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ကျရာတာဝန်အသီးသီးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သူဖြစ်၍ အဖိုးတန်လူသားများပင်ဖြစ်ပေသည်။

ယနေ့ကမ္ဘာတွင် ကိုယ်လက်လှုပ်ရှားမှု မရှိသလောက် နည်းပါးခြင်းကြောင့်ဖြစ်သော နှလုံးရောဂါ၊ အဝလွန်ခြင်း၊ ဆီးချိုရောဂါနှင့် အခြားမကူးစက်နိုင်သော ရောဂါများကို လူသားများဖြစ်ပွားမှု တိုးပွားလာသလို ဆေးကုသမှုကုန်ကျစရိတ်မှာလည်း အဆမတန်မြင့်မားနေလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတကာအစိုးရများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့က ကိုယ်လက်လှုပ်ရှားနိုင်မှုတိုးလာစေရန် အသိပညာပေးခြင်းအပြင် ကိုယ်လက်လှုပ်ရှားနိုင်ဖို့ အခွင့်အလမ်းများ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်တိုက်တွန်းလျက်ရှိသည်။ သို့ဖြစ်ရာ ယခုဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ခြင်းကို အထူးအားပေးဖော်ဆောင်နေချိန်ဖြစ်ရာ သက်ရှည်ပြီး ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် နေ့စဉ် မှန်မှန်လမ်းလျှောက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ ဒီဇင်ဘာလနောက်ဆုံးပတ်မှစ၍ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ ဒီဇင်ဘာလနောက်ဆုံးပတ်မှစ၍ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ရှေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းလျက်ရှိပြီး ကုန်သည်များက ဈေးကောင်းပေး၍ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ရှေဦးဘက်ကထွက်တဲ့ ပဲပုပ်(ဗမာ)ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေတယ်။ ပြည်ပကနေပြီး ပြည်တွင်းကထွက်ရှိတဲ့ပဲပုပ်(ဗမာ)ကို မှာယူမှုကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ပဲပုပ်(ဗမာ)ဈေးနှုန်းမှာ ယနေ့ပေါက်ဈေးအရ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ခန့်ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့်ပဲပုပ်(ရှမ်း) အမျိုးအစားများလည်း ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပဲပုပ်(ရှမ်း) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၄၀၀၀ ခန့်ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# နတ်ရေကန်ငါးလုပ်ငန်းစခန်းက မွေးမြူရေးငါး ခြောက်မျိုးကိုမွေးမြူပြီး ငါးမျိုးအကောင်ရေ သိန်း ၂၀ ကျော် ဖြန့်ဖြူးရောင်းချပေးထား



နတ်ရေကန်ငါးလုပ်ငန်းစခန်းကို တွေ့ရစဉ်။

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်း နတ်ရေကန် ငါးလုပ်ငန်းစခန်းမှ မွေးမြူရေးငါး ခြောက်မျိုးကို မွေးမြူပြီး ငါးမွေးမြူသူများကို ငါးမျိုးအကောင်ရေ သိန်း ၂၀ ကျော် ဖြန့်ဖြူးရောင်းချပေးထားကြောင်း အဆိုပါ ငါးလုပ်ငန်းစခန်းမှ သိရသည်။

နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ယခုဘဏ္ဍာနှစ်တွင် ပြည်သူအများကြိုက်သည့် ငါးမျိုးများ မွေးမြူပြီး ငါးမွေးမြူသူများကို ငါးမျိုးအကောင်ရေ သိန်း ၄၀ ဖြန့်ဖြူး ရောင်းချပေးသွားရန် လျာထားဆောင်ရွက်ခဲ့ရာ ယနေ့ထိ ငါးမျိုးအကောင်ရေ သိန်း ၂၀ ကျော် ဖြန့်ဖြူးရောင်းချပေးထားကြောင်း နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးက ပြောပြသည်။

"ငါးမျိုးကောင်းမျိုးသန့်တွေကို ငါးမွေးမြူသူတွေ အလွယ်တကူ မွေးမြူလို့ရအောင် ဌာနပိုင်၊ ပုဂ္ဂလိကပိုင် ငါးသားပေါက်ခြံတွေကနေ ဖြန့်ဖြူးရောင်းချပေးနေတာပါ။ ဈေးနှုန်းသက်သက်သာသာနဲ့ အရည်အသွေးကောင်းတဲ့ ငါးမျိုးကောင်းမျိုးသန့်တွေကို မွေးမြူနိုင်ဖို့ပါ။ လိုအပ်တဲ့နည်းပညာရပ်တွေကိုလဲ ပေးပါတယ်။ ငါးမွေးမြူသူတွေကို ဖြန့်ဖြူးရောင်းချပေးတာမှာ တစ်လက်မအရွယ် ငါးမျိုးတစ်ကောင်ကို ငွေငါးကျပ်နဲ့ နှစ်လက်မအရွယ်ဆိုရင် တစ်ကောင်ကို ငွေကျပ် ၁၀ နှုန်းနဲ့ ရောင်းချပေးပါတယ်။ အညာဒေသလူကြိုက်များတဲ့ငါးမြစ်ချင်းကို အဓိကဖြန့်ဖြူးရောင်းချပေးပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းက ငါးမွေးမြူသူတွေတင် ရောင်းချပေးတာ မဟုတ်ပါဘူး။ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်တွေက လာရောက်ဝယ်ယူရင်လဲ ရောင်းချပေးပါတယ်"ဟု ဒေါ်စန်းစန်းဦးက ပြောပြသည်။

နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် မွေးမြူပြီးရောင်းချပေးနေသည့် ငါးမျိုးများမှာ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမကြီး၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်းတို့ဖြစ်ကြောင်း နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့်အိမ်ခြံမြေဈေးကွက်သို့ ဦးလှည့်လာသဖြင့် ဈေးနှုန်းများကောင်းနေပြီး ကြိုက်ရောင်းကြိုက်ဝယ်အနေအထားဖြစ်နေသော်လည်း မြို့နယ်တိုင်း ရောင်းချလိုမှုများနေကာ အဝယ်နည်းနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်က လှုပ်လာတယ်ဆိုပေမဲ့ သိသိသာသာ အရောင်းအဝယ်ဖြစ်တာမျိုးတော့ နည်းသေးတယ်။ ပိုင်ဆိုင်မှုခိုင်မာတဲ့မြေတွေ၊ မြေကွက်အကျယ်၊ နေရာအကွက်အကွင်းကောင်းတာလေးတွေတော့ အဝယ်လိုက်တယ်လို့ ပြောရမှာပေါ့။ နေရာက အတွင်းပိုင်းကျပြီး လမ်းမသင့်တာ၊ လူနေနည်းပြီး အဆောက်အအုံဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့နေရာတွေကတော့ စိတ်ဝင်စားမှုနည်းတယ်။ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့သူတွေကတော့ အရှုံးခံပြီး ပေါက်ဈေးထက် လျှော့ရောင်းတာတောင် အရောင်းအဝယ်ဖြစ်တာ နည်းပါတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာမြင့်တက်လာမှု မရှိသေးသော်လည်း အကွက်ရိုက်မြေကွက်များ စိတ်ဝင်စားမှုမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အမှန်တကယ် နေထိုင်လိုသူများ အများဆုံးဝယ်ယူမှုရှိကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များတွင် ပေ (၂၀×၄၀)၊ ပေ (၃၀×၄၀)၊ ပေ (၄၀×၄၀) အကျယ်ရှိ မြေကွက်များကို ဝယ်ယူမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၂၃၂၅ ဧက စိုက်ပျိုးမည်

**ကျုံပျော် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းနှင့်အစေ့ထုတ်ပြောင်း ၂၃၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၂၃၁၀ နှင့်အစေ့ထုတ်ပြောင်း ၁၅ ဧက စုစုပေါင်း ၂၃၂၅ ဧကကို ယခုလကုန်တွင်စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပြောင်းများစိုက်ပျိုးနိုင်ရန် မြေပြုပြင်သည့်လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျုံပျော်မြို့နယ်မှာ ဖူးစားပြောင်းနဲ့ အစေ့ထုတ်ပြောင်း စုစုပေါင်း ၂၃၂၅ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ပြောင်းသီးနှံက နှစ်စဉ်စိုက်နေကျဖြစ်လို့ တောင်သူတွေအတွက် စိုက်ပျိုးဖို့အခက်အခဲမရှိပါဘူး။ ပိုးမွှားအန္တရာယ်ကာကွယ်ဖို့ကိုလဲ သင်တန်းတွေ ပေးထားပြီးဖြစ်ပါတယ်။ ပြောင်းအပါအဝင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စိုက်မဲ့ သီးနှံအားလုံးကို လျာထားချက်ပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းများကို စုစုပေါင်း ကျေးရွာ ၁၉ ရွာမှ ဒေသခံတောင်သူများက အများဆုံး စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ အဆိုပါ ပြောင်းများ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်နည်းစနစ်များ၊ မျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးသုံးစွဲမှု စနစ်တကျရှိစေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးနေကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်မည့်အစီအစဉ် အသိပေးကြေညာချက်

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညအချိန်တွင် နှစ်သစ်ကူးပွဲတော် ပျော်ပွဲရွှင်ပွဲ အစီအစဉ်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်း×၆၆ လမ်းဆုံတွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပွဲတော်လာပြည်သူများ လုံခြုံစိတ်ချစွာပျော်ရွှင်နိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် လမ်းပိတ်၊ လမ်းလွှဲ အစီအစဉ်ကို အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

၁။ ၂၄ လမ်း×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၆၅ လမ်းဆုံ၊ ၂၇ လမ်း×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၆၈ လမ်းဆုံတို့တွင် လမ်းပိတ်၍ မည်သည့်ယာဉ်မှ ဝင်ခွင့်မပြုဘဲ ပွဲတော်လာပြည်သူလူထုသာ ခြေကျင်ဝင်ခွင့်ပြုစေပါမည်။

၂။ ၁၉ လမ်း×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၆၂ လမ်းဆုံ၊ လမ်း ၃၀×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၇၃ လမ်းဆုံတို့တွင် လမ်းလွှဲ၍ ပွဲတော်လာယာဉ်များနှင့် အဆိုပါနေရာများအတွင်း နေထိုင်သည့်ယာဉ်များသာ ဝင်ထွက်ခွင့်ပြုမည်ဖြစ်ပြီး အခမ်းအနားနေရာ ၂၆ လမ်း×၆၆ လမ်းဆုံ ဖြတ်သန်းသွားမည့်ယာဉ်များ ဝင်ခွင့်မပြုဘဲ အခြားလမ်းလွှဲမှမောင်းနှင်ဆောင်ရွက်စေပါမည်။

သို့ပါ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၆ နာရီမှ ပွဲတော်ပြီးဆုံးချိန်ထိ အထက်ဖော်ပြပါလမ်းများကို ခေတ္တလမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၂၂၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၃၂၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၄၀၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၂၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ မြေပဲဧကတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်နေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် ဝဲကြီးဆင်ကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲကြီးဆင်ကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝဲကြီးဆင်ကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များမှာကြားသည်။

ဝဲကြီးဆင်ကျေးရွာ၌ အရှည်ပေ ၁၁၀၊ အကျယ် နှစ်ပေ၊ အမြင့် ၁၄ ပေရှိ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ပထမပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သူသူ**

# ငပဲမြို့နယ် ရှောက်ဝကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ငပဲ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငပဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ငီးတောကျေးရွာအုပ်စု ရှောက်ဝကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရှောက်ဝကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ရှောက်ဝကျေးရွာ၌ အလျားပေ ၄၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၁ သိန်း စုစုပေါင်းငွေကျပ် ၁၇၁ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ခင်မာ**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ( ၅၉ )

## ကြည်လွင်မြင့် (မုံရွာ)



**သနပ်ခါး**

အင်္ဂလိပ်အမည် - Chinese Box-Tree
မျိုးရင်း - Rutaceae (ရှောက်မျိုးရင်း)
ရုက္ခဗေဒအမည် - Limonia Acidissima Linn;

**အဓိကဆေးဖက်ဝင်ပုံ**

အပူကန်ခြင်း၊ အရေပြားခြောက်သွေ့ခြင်း၊ အသားပပ်ခြင်း၊ အသားအရေအက်ကွဲခြင်း၊ နေပူထဲထွက်လျှင် နေလောင်ခြင်း၊ ချွေးထွက်လွန်ရောဂါ၊ အဖျားရောဂါ၊ အနာဝင်ရောဂါ၊ မီးယပ်ပိန်၊ မီးယပ်ခြောက်ရောဂါ၊ အဆိပ်သင့်ရောဂါ၊ အနာဝင်ရောဂါ၊ ကြို့ထိုးရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုနိုင်သည်။

**ပေါက်ရောက်သည့်ဒေသ**

အပူပိုင်းဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ မြန်မာနိုင်ငံအလယ်ပိုင်း၊ ပခုက္ကူ၊ မြင်းခြံ၊ ပြည်၊ ရွှေဘို၊ စစ်ကိုင်း၊ မြိုင်၊ နွားထိုးကြီး၊ တောင်သာမြို့နယ်တို့တွင် ပေါက်ရောက်သည်။ စိုက်ပျိုးဖြစ်ထွန်းသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အသီး၊ အခေါက်၊ အမြစ်။

❖ မြန်မာဆေးကျမ်းများအဆိုအရ သနပ်ခါးသည် သွေးကိုကြွစေ၏။ အေးခါးသောသတ္တိရှိသည်။ ကိုယ်သားကိုယ်ရေအေးမြစေသည်။ စိတ်နှလုံးကို ငြိမ်းအေးစေသည်။ အိပ်၍ ပျော်စေသည်။ ငန်းမန်းကို နိုင်သည်။ အပူနာ၊ အအေးနာ နှစ်မျိုးစလုံး၌ ဆေးဖက်ဝင်အသုံးပြုနိုင်သည်။ ❖

**အပင်ပုံသဏ္ဌာန်**

ပင်လတ်မျိုးဖြစ်သည်။ အမြင့် ပေ ၂၀၊ ပေ ၃၀ ထိ ရှိသည်။ ပင်စည်နှင့် အကိုင်းအခက်များတွင် လက်မဝက်မှ တစ်လက်မထိရှည်သည့် မာကြောချွန်ထက်သော ဆူးများရှိသည်။ အပင်နုစဉ်တွင် အပွေးမဲ့ပြီး အပင်ရင့်လာသောအခါမှ အပွေးထူလာသည်။

သနပ်ခါးပင်၏အရွက်သည် ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲထွက်သည်။ အလျား သုံးလက်မမှ ငါးလက်မထိရှည်ပြီး ရွက်ညှာတွင် အတောင်ပါသည်။ ရွက်မြွာနှစ်စုံမှ သုံးစုံရှိပြီး ထိပ်ရွက်တစ်ရွက်ပါသည်။ ရွက်ပြားပြောင်ချောပြီး တောင့်တင်းမာကျောသည်။ အစိမ်းရင့်ရောင်ရှိသည်။

အပွင့်သည် သေးငယ်ပြီး အဝါနုရောင်ရှိသည်။ အဆုပ်လိုက်ပွင့်ပြီး တန်ခူးလ၊ ကဆုန်လတို့တွင် ပွင့်သည်။ သနပ်ခါးပင်၏အသီးသည် ချဉ်သောအရသာရှိသည်။ အပြွတ်လိုက်သီးသည်။ ဧရာတ်ကောင်းစေ့ခန့်ရှိ၏။ အစေ့မှာ အဝါနုရောင်ဖျော့ဖျော့ဖြစ်သည်။ ဝါခေါင်လ၊ တော်သလင်းလတွင် အသီးမှည့်သည်။

သနပ်ခါးပင်၏အမြစ်သည် ရေသောက်မြစ် ရှည်လျားသည်။ ဘေးမြစ်များလည်း ရှည်လျားပြီး ဖြန့်၍ထွက်သည်။ အမြစ်တွင်လည်း အပွေးအခေါက်များရှိသည်။ ပင်စည်ထက်အရောင်ပို၍ဝါသည်။ ထို့ကြောင့် သနပ်ခါးအမြစ်ကိုနှစ်သက်ပြီး သွေးလိမ်းကြသူများလည်းရှိသည်။ ဆေးဖက်ဝင်အသုံးပြုရာတွင်လည်း သနပ်ခါးအမြစ်ခေါက်ကို ပို၍အသုံးပြုသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ သနပ်ခါးသည် သွေးကိုကြွစေ၏။ အေးခါးသောသတ္တိရှိသည်။ ကိုယ်သားကိုယ်ရေအေးမြစေသည်။ စိတ်နှလုံးကို ငြိမ်းအေးစေသည်။ အိပ်၍ ပျော်စေသည်။ ငန်းမန်းကို နိုင်သည်။ အပူနာ၊ အအေးနာ နှစ်မျိုးစလုံး၌ ဆေးဖက်ဝင်အသုံးပြုနိုင်သည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ အသားရေမွဲခြောက်လျှင်၊ နေလောင်လျှင် သနပ်ခါးကို နေ့စဉ်လိမ်းကျံခြင်းဖြင့် အသားအရေ ပြန်လည်စိုပြည်လာစေသည်။
၂။ နေပူထဲတွင် အလုပ်လုပ်ရသည့် ကောက်စိုက်သမ စသောအလုပ်လုပ်သူများသည် မျက်နှာကို သနပ်ခါးဘဲကျားခပ်ထူထူလိမ်းကျံထားခြင်းဖြင့် ခရမ်းလွန်ရောင်ခြည်သင့်ခြင်းမှ ကာကွယ်နိုင်သည်။
၃။ မျက်နှာတွင် တင်းတိတ်ထွက်သူများသည် သနပ်ခါးကို သံပရာရည်နှင့်သွေး၍လိမ်းကျံလျှင် ပျောက်ကင်းနိုင်သည်။
၄။ မျက်နှာတွင် ဝက်ခြံအဖုများထွက်ပါက သနပ်ခါးအမြစ်ခေါက်ကို ဆားအနည်းငယ်နှင့် သံပရာရည်အနည်းငယ်ရောသွေးပြီး လိမ်းကျံပါက ပျောက်ကင်းစေနိုင်သည်။
၅။ အပူလွန်ကဲသောရာသီတွင် ခန္ဓာကိုယ်၌ ယားယံစေတတ်သော မိတ်ဖုများထွက်ပါက သနပ်ခါးကို ဆားအနည်းငယ်နှင့်ရောသွေးပြီး လိမ်းကျံပေးပါက သက်သာစေနိုင်သည်။
၆။ ကလေးငယ်များ ဦးခေါင်းနှင့်ကျောပြင်များတွင် အပူကန်ပြီး အဖုများထွက်ပါက သနပ်ခါးကို ဆန်ဆေးရည်နှင့်သွေး၍ လျက်ပေးလျှင်၊ ခွံ့ပေးလျှင် သက်သာပျောက်ကင်းစေနိုင်သည်။
၇။ ကြို့ထိုးရောဂါဖြစ်ပါက သနပ်ခါးကိုကျောက်ပျဉ်တွင် ရေသန့်နှင့်သွေးပြီး မကြာခဏ လျက်ပေးပါက ကြို့ထိုးပျောက်သည်။
၈။ ငှက်ဖျားရောဂါဖြစ်လျှင် သနပ်ခါးရွက်ကို ကျအောင်ပြုတ်ပြီး ဆားအနည်းငယ်ခတ် သောက်ပါက သက်သာစေနိုင်သည်။
၉။ အဖောအရောင်ရောဂါ၊ အနာဝင်၍ ငန်းဖမ်းသောရောဂါများဖြစ်ပါက သနပ်ခါးရွက်ကို အခြောက်လှန်းအမှုန့်ပြုပြီး ဟင်းစားဇွန်း တစ်ဇွန်းခန့် ရေကျက်အေးနှင့်သောက်ပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။
၁၀။ အပူကြီး၍ဖျားလျှင် သနပ်ခါးကိုကျောက်ချဉ်ရည်နှင့်သွေးပြီး တစ်ကိုယ်လုံးလိမ်းပေးပါက အဖျားကျစေနိုင်သည်။
၁၁။ မီးယပ်ရောဂါသည်များ မီးယပ်ကွက်ဖြစ်လျှင်၊ မီးယပ်အကိုက်အခဲဖြစ်လျှင် သနပ်ခါးကို နနွင်းရည်နှင့်သွေးလိမ်းပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။
၁၂။ ကလေးသူငယ်နာချဲကျပ်ရောဂါဖြစ်လျှင်၊ ချွဲပူထချောင်းဆိုးလျှင် သနပ်ခါးအမြစ်ကို သွေး၍ ကွမ်းရွက်စိမ်းရည်နှင့် ရောတိုက်ပါက ချွဲကျပြီး သက်သာပျောက်ကင်းစေနိုင်သည်။
၁၃။ အစာအိမ်နာရောဂါရှိလျှင် သနပ်ခါးအမြစ်မှုန့်ကို ပျားရည်နှင့်ရေ အနည်းငယ်ရောပြီး လျက်ပေးပါက အစာအိမ်နာသက်သာပျောက်ကင်းစေနိုင်သည်။
၁၄။ လေပူထ၊ လေပူလှန်၊ လေအန်ရောဂါရှိသူများသည် သနပ်ခါးအမြစ်မှုန့်ကို သကြားနှင့်ရော၍စားပေးခြင်းဖြင့် လေပူလှန်ရောဂါ ပျောက်ကင်းစေနိုင်သည်။

❖ မြန်မာဆေးကျမ်းများအဆိုအရ သစ်ဆိမ့်သည် ခါး၏။ စပ်၏။ ဖန်၏။ ဝမ်းသက်၏။ မျက်စိကို အကျိုးပြု၏။ ဆံပင်ကို တိုးပွားသန်မာစေ၏။ သွေးဖောက်ပြန်ခြင်း၊ လည်ချောင်းနာ၊ မျက်စိရောဂါ၊ ချောင်းဆိုးရောဂါ၊ နှလုံးရောဂါတို့ကို ကင်းဝေးစေ၏။ အသီးကို လွန်ကဲစွာစားလျှင် မူးယစ်အော့အန်စေတတ်၏။ ❖

**သစ်ဆိမ့်ပင်**

အင်္ဂလိပ်အမည် - Bastardmyrobalan
မျိုးရင်း - Combretaceae (ထောက်ကြံ့မျိုးရင်း)
ရုက္ခဗေဒအမည် - Terminalia Belerica Roxb.

**အဓိကဆေးဖက်ဝင်ပုံ**

သရက်ရွက်ကြီးရောဂါ၊ ရင်ဘတ်နာရောဂါ၊ သလိပ်ပူထရောဂါ၊ သွားဖုံးရောင်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ ဆီးအောင့်ရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဝမ်းလျှောရောဂါ၊ မျက်စိနာရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ပေါက်ရောက်သည်။ အပူပိုင်းဒေသတွင် ပိုမိုဖြစ်ထွန်းသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အပွင့်၊ အခေါက်၊ အသီး၊ အစေ့အဆန်။

**အပင်ပုံသဏ္ဌာန်**

ပင်စောက်ကြီးမျိုးဖြစ်သည်။ ပင်စည်အလွန်ဖြောင့်မတ်ပြီး ပေ ၆၀မှ ပေ ၇၀ ထိ မြင့်သည်။ အပွေးအညိုနုရောင်ရှိ၍ ချောသည်။ ဗာဒံပင်ကဲ့သို့ ကိုင်းဖြာထွက်ပြီး ထနောင်းပင်ကဲ့သို့ အစေးများထွက်သည်။ အရွက်ထိပ်ဖျားအညွှန့်များသည် သံချေးရောင်အမွေးများ ဖုံးအုပ်လျက်ရှိသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ သစ်ဆိမ့်သည် ခါး၏။ စပ်၏။ ဖန်၏။ ဝမ်းသက်၏။ မျက်စိကို အကျိုးပြု၏။ ဆံပင်ကို တိုးပွားသန်မာစေ၏။ သွေးဖောက်ပြန်ခြင်း၊ လည်ချောင်းနာ၊ မျက်စိရောဂါ၊ ချောင်းဆိုးရောဂါ၊ နှလုံးရောဂါတို့ကို ကင်းဝေးစေ၏။ အသီးကိုလွန်ကဲစွာစားလျှင် မူးယစ်အော့အန်စေတတ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ငှက်ဖျားကြောင့်ဖြစ်သော သရက်ရွက်ကြီးရောဂါဖြစ်ပါက သစ်ဆိမ့်သီးကို စားသုံးပေးပါ။ သစ်ဆိမ့်ပွင့်ကို ပြုတ်သောက်ပါက သက်သာပျောက်ကင်းစေနိုင်သည်။
၂။ ဝမ်းသွားလွန်လျှင် သစ်ဆိမ့်ပွင့်ကို ဆားအနည်းငယ်နှင့်ပြုတ်သောက်ပါက ဝမ်းရပ်စေနိုင်သည်။
၃။ ချောင်းဆိုးများ၍ ရင်ဘတ်နာပါက သစ်ဆိမ့်ပွင့်ကိုပြုတ်ပြီး အရည်ကို ဆားအနည်းငယ်ခတ်သောက်ပါ။
၄။ ခရုသင်းရောဂါဖြစ်လျှင် သစ်ဆိမ့်ခေါက်ကို သွေး၍ လိမ်းပါ။
၅။ သွားနာ၊ သွားကိုက်၊ သွားဖုံးရောင်ရောဂါဖြစ်လျှင် သစ်ဆိမ့်ပင်၏ အမြစ်ခေါက်ကို ပြုတ်၍ ငုံပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။
၆။ မျက်စိနာလျှင် သစ်ဆိမ့်သီးကိုသွေး၍ မျက်စိကွင်းပေးပါ။
၇။ ပန်းနာရင်ကျပ်၊ ချောင်းဆိုးရောဂါဖြစ်လျှင် သစ်ဆိမ့်သီးအခွံကိုသွေး၍ ပျားရည်နှင့် လျက်သော် သက်သာပျောက်ကင်းစေနိုင်သည်။
၈။ အားနည်းခြင်း၊ ကိုယ်ခံအားနည်းခြင်း၊ မူးဝေခြင်း၊ ခွန်အားနည်းခြင်းရောဂါများဖြစ်ပါက သစ်ဆိမ့်သီးကို အားတိုးဆေးအဖြစ် နေ့စဉ်စားသုံးပေးပါ။



၉။ ဆီးအောင့်လျှင်၊ ဆီးကျောက်တည်လျှင် သစ်ဆိမ့်သီးအဆန်ကို သွေး၍ သောက်ပေးပါ။ ဆန်ဆေးရည်နှင့်ရော၍လည်း သောက်သုံးနိုင်သည်။
၁၀။ ထိခိုက်ဒဏ်ကြောင့်ဖြစ်သော ရောင်ရမ်းသောနေရာ၊ နာကျင်ကိုက်ခဲသောနေရာများတွင် သစ်ဆိမ့်သီးအဆန်ကို သွေးလိမ်းပေးခြင်းဖြင့် သက်သာစေနိုင်သည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသထွက်အုန်းသီးအနုများ အရောင်းအဝယ်ကောင်းနေ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသထွက်အုန်းသီးအနုများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေးဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်သည် အုန်းသီးများ စိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်ပြီး ဒီဇင်ဘာလပထမပတ်မှ ယနေ့ထိ အုန်းသီးအနုများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာသောကြောင့် တင်ပို့ရောင်းချရသဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် အုန်းသီးအနုများကို ရန်ကုန်ဈေးကွက်သို့ ငါးရက်တစ်ကြိမ် အလုံးရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။



"မော်လမြိုင်ကျွန်းမြို့နယ်က ဧရာဝတီမြစ်ဝကျွန်းပေါ်မှာတည်ရှိပြီး အုန်းသီးတွေထွက်တဲ့ ဒေသတစ်ခုဖြစ်တယ်။ အရင်နှစ်တွေက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့လို့ ပြည်တွင်း၊ ပြည်ပအုန်းသီးဈေးကွက် ပျက်ခဲ့တယ်။ ဒီနှစ် ပြည်ပကော၊ ပြည်တွင်းကော ဈေးကွက်ပြန်လည်တင်ပို့ခွင့်ရလာလို့ ဝယ်ယူအားကောင်းလာတာဖြစ်ပါတယ်။ အုန်းသီးတွေကို အနုသီးကော၊ အရင့်သီးကော တင်ပို့ရောင်းချနေပြီး လက်ရှိမှာ အနုသီးတွေ ပိုအဝယ်လိုက်နေတာပါ။ အုန်းသီးဈေးကလဲကောင်းလာသလို အသီးရင့်တဲ့ထိ မစောင့်ရဘဲငွေရလို့ စိုက်တဲ့တောင်သူတွေ အဆင်ပြေနေပါတယ်။ ပုံမှန်အဝယ်ရှိနေပေမဲ့ ဒီလပထမပတ်ကနေစတင်ပြီးတော့ အုန်းသီးအနုတွေက ဝယ်လိုအား ပိုကောင်းလာတာဖြစ်ပါတယ်။ အခုက ဝယ်လိုအားတက်လာသလို ဈေးလဲ အနည်းငယ်ကောင်းလာပါတယ်။ အုန်းသီးတွေကိုတော့ ရန်ကုန်ပြည်တွင်းဈေးကွက်ကိုပဲ အဓိကတင်ပို့ ရောင်းချတာပါ"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေးဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်အုန်းသီးအခြောက်များ၊ အရင့်သီးများအပါအဝင် အနုသီးများကို ဒေသပွဲရုံလုပ်ငန်းရှင်များက ဝယ်ယူကာ စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ အုန်းသီးအနု အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လားရှိုး ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆုံကွယ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ထွန်း၊ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မော်သန်း၊ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ဆုံကွယ်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာ၌ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ် သိန်း ၁၇၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဆုံကွယ်ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း လားရှိုးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘရန်ဆိုင်းထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကုသိုလ်ပြုရာ တို့မြန်မာ

\- မြတ်စေတီ ဘုရားကျောင်း
သိမ်တန်ဆောင်း ဇရပ်အမွေ၊
လှူဒါန်းကာ ကုသိုလ်ပြု
သာဓုသံဝေ၊
ဗုဒ္ဓမြတ် တပည့်သားတွေ
သံဃာထေရ် များပြား၊
သီလယူ ဥပုသ်သီတင်း
သန့်ရှင်းတည်ထား။

\- ဒါနကို လက်ဆင့်ပွား
သမီးသားတို့ အမွေခံ၊
ရှင်ပြုကာ နားသပေး
အေးချမ်းနေပြန်၊
အလှူရေစက် မပြတ်ကြဲ
ကိန်းဝပ်မှန် စိတ်ကောင်းသုံး၊
သာသနာ မြေတောင်မြှောက်တော့
ထွန်းတောက်သောဘုန်း။

\- ရွှေမြန်မာ ပီတိအပြုံး
ရှုမဆုံး ပြုလျက်နေ၊
ကြီးသူကို ရိုသေကြ
စံပြဓလေ့ပေ၊
ယဉ်ကျေးမှု ရိုးရာတွေ
သယ်ဆောင်မသွေ ရင်ထဲ၊
ကောင်းမြတ်မှန် ဌာနအဖြစ်
ထုဆစ်နေဆဲ။

\- ကျက်သရေ တည်တံ့မြဲ
အလှူပွဲနဲ့ ရွှေမြန်မာ၊
ဗုဒ္ဓဂုဏ် ဓမ္မအစွမ်း
ရွှင်လန်းသာယာ၊
ထာဝရ မင်္ဂလာ
အေးချမ်းကာ တန်ဖိုးရှိ၊
ကမ္ဘာဝယ် မြန်မာသတင်း
ဂုဏ်လင်းနေ၏။ ။

**ဖြိုးထက်(ရေစကြို)**


# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

## နိုင်ငံတကာ သတင်းများ

# ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲ၌ပါဝင်ယှဉ်ပြိုင်ရန် ဝန်ကြီးချုပ်ဟောင်းနဝပ်ဇ်ရှရစ်ဖ် အမည်စာရင်းတင်သွင်း

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၉**

၂၀၂၄ ခုနှစ် ရွေးကောက်ပွဲအတွက် ဝန်ကြီးချုပ်ဟောင်းနဝပ်ဇ်ရှရစ်ဖ်၏ အမတ်လောင်းအဖြစ် အမည်စာရင်းပေးသွင်းမှုကို ပါကစ္စတန် ရွေးကောက်ပွဲ ကော်မရှင်က ဒီဇင်ဘာ ၂၈ ရက်တွင် လက်ခံခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း နဝပ်ဇ်ရှရစ်ဖ်အပေါ် ချမှတ်ထားသည့် အဂတိလိုက်စားမှုပြစ်ဒဏ် နှစ်ရပ်ကို တရားရုံးတစ်ရုံးက ပြန်လည်ရုပ်သိမ်းပေးခဲ့ပြီးနောက် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် နဝပ်ဇ်ရှရစ်ဖ်က အမည်စာရင်းပေးသွင်းခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် နဝပ်ဇ်ရှရစ်ဖ် ရွေးကောက်ပွဲ ယှဉ်ပြိုင်နိုင်ရေးအတွက် ၎င်းအပေါ် ချမှတ်ထားသည့်အစိုးရရာထူးရယူခွင့် ရာသက်ပန်ပိတ်ပင်ချက်ကို ပယ်ဖျက်ပေးရန် လိုအပ်ဆဲဖြစ်ရာ ရွေးကောက်ပွဲအတွက် ၎င်း၏ အမည်စာရင်း တင်သွင်းမှုကို ရွေးကောက်ပွဲကော်မရှင်က မည်သို့မည်ပုံလက်ခံခဲ့သည်ကို မသိရသေးကြောင်း သိရသည်။

သားဖြစ်သူ၏ ကုမ္ပဏီမှရရှိသည့်ဝင်ငွေကို ထိန်ချန်မှုဖြင့် ပါကစ္စတန်တရားလွှတ်တော်ချုပ်က ၂၀၁၇ ခုနှစ်တွင် နဝပ်ဇ်ရှရစ်ဖ်ကို ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ထားပြီးဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း နဝပ်ဇ်ရှရစ်ဖ်သည် ပြစ်ဒဏ်များကိုရှောင်ရှားရေးအတွက် ပြည်ပ၌လေးနှစ်ကြာနေထိုင်ခဲ့ပြီးနောက် ယခုနှစ် အောက်တိုဘာလတွင် ပါကစ္စတန်နိုင်ငံသို့ပြန်လည်ရောက်ရှိလာခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ဂျီစီစီအဖွဲ့ နှင့် တောင်ကိုရီးယားနိုင်ငံတို့ ကုန်သွယ်ရေးသဘောတူညီမှုတစ်ရပ် လက်မှတ်ရေးထိုး

**ဒူဘိုင်း ဒီဇင်ဘာ ၂၉**

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ) သည် ဒီဇင်ဘာ ၂၈ရက်က တောင်ကိုရီးယားနိုင်ငံနှင့် လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံနှင့်ရယူခဲ့သည့် အဆိုပါ ကုန်သွယ်ရေးသဘောတူညီချက်သည် ဂျီစီစီအဖွဲ့က ယခုနှစ်အတွင်းရယူခဲ့သော ဒုတိယမြောက် လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက် ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံပါ ဂျီစီစီအဖွဲ့သည် အာရှ၏အဓိက စီးပွားရေးမိတ်ဖက်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးများ မြှင့်တင်ရန် ကြိုးစားလျက်ရှိသည်။

ဒီဇင်ဘာ ၂၈ ရက်တွင်လက်မှတ်ရေးထိုးခဲ့သော လွတ်လပ်သည့်ကုန်သွယ်ရေး သဘောတူညီချက်အရ တောင်ကိုရီးယားနိုင်ငံသည် သဘာဝဓာတ်ငွေ့ရည်နှင့် အခြားရေနံထွက်ကုန်များ အပါအဝင် ဂျီစီစီနိုင်ငံများ၏ သွင်းကုန်အားလုံး၏ ၉၀ ရာခိုင်နှုန်းအပေါ် အခွန်စည်းကျပ်ထားမှု ဖျက်သိမ်းပေးမည်ဖြစ်သည်။

ပင်လယ်ကွေ့အာရပ်နိုင်ငံများနှင့် တောင်ကိုရီးယားနိုင်ငံတို့ကြား နှစ်ဖက်ကုန်သွယ်မှု တန်ဖိုးသည် ၂၀၂၁ နှင့် ၂၀၂၂ခုနှစ်ကြားတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀မှ ၇၈ ဘီလီယံထိ ရှိနိုင်သည်။

ထိုနည်းတူ ဂျီစီစီနိုင်ငံ၏ တရုတ်အပါအဝင် အာရှနိုင်ငံများနှင့် ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၅၁၆ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဗင်နီဇွဲလားလက်နက်ကိုင်တပ်များ စစ်ရေးလေ့ကျင့်ရန် သမ္မတနီကိုလပ်စ်မာဒူရို ညွှန်ကြား




**ကာရာကက်စ် ဒီဇင်ဘာ ၂၉**

ကာရစ်ဘီယံပင်လယ်အရှေ့ပိုင်းရေပြင်အတွင်း နိုင်ငံတော်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် ဗင်နီဇွဲလားသမ္မတနီကိုလပ်စ်မာဒူရိုက လက်နက်ကိုင်တပ်ဖွဲ့များကို ညွှန်ကြားထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အိမ်နီးချင်း ဂူယာနာနိုင်ငံပိုင်နက်ရေပြင်အတွင်းသို့ ဗြိတိန်နိုင်ငံက စစ်သင်္ဘောတစ်စီးစေလွှတ်ခဲ့ပြီးနောက် ဗင်နီဇွဲလားလက်နက်ကိုင်တပ်များ ကာရစ်ဘီယံပင်လယ်အရှေ့ပိုင်း၌ စစ်ရေးလေ့ကျင့်ရန် သမ္မတမာဒူရိုက ညွှန်ကြားထားခြင်း ဖြစ်သည်။

ဗင်နီဇွဲလားနှင့် ဂူယာနာနိုင်ငံတို့သည် ရေနံသယံဇာတကြွယ်ဝသည့် အက်စီကွီဘိုအမည်ရှိဒေသကို ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ နယ်စပ်တင်းမာမှုများရှိခဲ့သည့် နိုင်ငံများဖြစ်သည်။

သို့ရာတွင် အက်စီကွီဘိုဒေသပြဿနာအတွက် အင်အားအသုံးပြုမှုကိုရှောင်ရှားရန်၊ နှစ်နိုင်ငံနယ်စပ်တင်းမာမှုများ ပိုဆိုးမလာစေရေးအတွက်ကြိုးစားရန် ယခုလအစောပိုင်းတွင် သဘောတူညီချက်ရယူထားပြီးဖြစ်သည်။

အဆိုပါသဘောတူညီချက်ရယူပြီးနောက် ဂူယာနာရေပြင်အတွင်းသို့ ဗြိတိန်နိုင်ငံက စစ်သင်္ဘောစေလွှတ်မှုသည် သဘောတူညီချက်အနှစ်သာရကို ဖောက်ဖျက်ရာရောက်ကြောင်း ဗင်နီဇွဲလားသမ္မတက ပြောကြားထားသည်။

သမ္မတမာဒူရို၏ညွှန်ကြားချက်အရပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုများတွင် ဗင်နီဇွဲလားလက်နက်ကိုင်တပ်ဖွဲ့ဝင် ဦးရေ ၆၀၀၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဗီယက်နမ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မျှော်လင့်ထားသည်ထက် ပိုမိုနည်းပါး

**ဟနွိုင်း ဒီဇင်ဘာ ၂၉**

ဗီယက်နမ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် အစိုးရ၏ မူလသတ်မှတ်ချက်ထက်လျော့နည်းခဲ့ပြီး ၅ ဒသမ ၀၅ ရာခိုင်နှုန်းထိသာ ရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗီယက်နမ်အစိုးရသည် မူလက ဗီယက်နမ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၆ ဒသမ ၂ ရာခိုင်နှုန်းထိမျှော်လင့်ထားကြောင်း သိရသည်။

သို့ရာတွင် ကမ္ဘာ့ဈေးကွက်၌ ဝယ်လိုအားနည်းနေမှု၊ ဗီယက်နမ်အစိုးရက အဂတိလိုက်စားမှုလုပ်ငန်းစဉ်မြှင့်တင်နေစဉ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ငြိမ်သက်လာမှုကြောင့် ဗီယက်နမ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ အစိုးရမျှော်လင့်ချက်ထက် ပိုနည်းခဲ့ရခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ကုန်သွယ်ရေးလုပ်ငန်းအပေါ် အားပြုနေရသည့် ဒေသတွင်းကုန်ထုတ်လုပ်မှုအချက်အချာနိုင်ငံ တစ်နိုင်ငံဖြစ်သော်လည်း ယခုနှစ် ပို့ကုန်တန်ဖိုးမှာ ယခင်နှစ်နှင့်နှိုင်း ယှဉ်ပါက ၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅၅ ဒသမ ၅ ဘီလီယံထိသာရှိခဲ့သည်။

ဗီယက်နမ်၏ အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သည့် စမတ်ဖုန်းတင်ပို့မှုတန်ဖိုးမှာလည်း ယခုနှစ်အတွင်း ၈ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ရကြောင်း ဗီယက်နမ်အစိုးရ အစီရင်ခံစာများအရ သိရသည်။

ယခုနှစ် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် မျှော်လင့်ထားသည်ထက်ပိုနှေးသည့်တိုင် အပြုသဘောဆောင်သည့်ရလဒ်မျိုး ဖြစ်နေသေးကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# တူကီယဲနိုင်ငံ အဝေးပြေးလမ်းပေါ်၌ ယာဉ်ခုနစ်စီး ဆင့်ကဲတိုက်မိမှုဖြစ်ပွား လူ ၁၀ ဦးသေဆုံးပြီး ၅၇ ဦး ဒဏ်ရာရရှိ

**အင်ကာရာ ဒီဇင်ဘာ ၂၉**

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းအဝေးပြေးလမ်းတစ်လမ်းပေါ်၌ ဒီဇင်ဘာ ၂၈ ရက်က မော်တော်ယာဉ်ခုနစ်စီး ဆင့်ကဲဝင်တိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၀ ဦး သေဆုံး၍ ၅၇ ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မြူနှင်းများထူထပ်စွာကျရောက်နေချိန်တွင် တာကာဟာပြည်နယ် မာမရာအဝေးပြေးလမ်း၌ အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုအတွင်း တစ်စီးနှင့်တစ်စီး ဆင့်ကဲတိုက်မိခဲ့သည့် မော်တော်ယာဉ် အရေအတွက်မှာ ခုနစ်စီးထိရှိခဲ့ကြောင်း တူကီယဲ တာဝန်ရှိသူများက ပြောကြားသည်။

မြူနှင်းများကြောင့် ရှေ့မြင်နိုင်စွမ်းကျဆင်းနေသည့်အတွက်အဆိုပါ မော်တော်ယာဉ်များ တစ်စီးနှင့်တစ်စီးဝင်တိုက်ခဲ့ကြခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တူကီယဲ တာဝန်ရှိသူများသည် ယာဉ်တိုက်မှုဖြစ်ပွားရခြင်း နောက်ခံအကြောင်းအရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုအတွင်း သေဆုံးခဲ့ရသူများအနက် အချို့မှာ ကနဦးယာဉ်တိုက်မှု ဖြစ်ပွားပြီးနောက် ကားအတွင်းမှထွက်လာခိုက် အခြားကားများ၏ဝင်တိုက်မှုကြောင့်သေဆုံးခဲ့ရသူများဖြစ်နိုင်ကြောင်း တူကီယဲ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို လွှတ်တင်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်များကို ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၃ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စတားလင့်ခ်မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ယခုနှစ်အတွင်း ၉၈ ကြိမ်မြောက်နှင့် နောက်ဆုံးအကြိမ်မြောက် အာကာသမစ်ရှင်လည်းဖြစ်သည်။

Space-X ကုမ္ပဏီက ယခုနှစ်အတွင်းလွှတ်တင်ခဲ့သော အာကာသမစ်ရှင် ၉၈ ခုမှာ ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင် ၉၁ ခု၊ ဖယ်လ်ကွန်ဟဲဗီး ဒုံးပျံမစ်ရှင် ငါးခုနှင့် Star Ship အာကာသယာဉ်လွှတ်တင်မှုမစ်ရှင် နှစ်ခုတို့ဖြစ်သည်။

Space-X ကုမ္ပဏီသည် ယခုနှစ် နိုဝင်ဘာလထိ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု ၅၂၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုအစင်းပေါင်း ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ရုရှားအာကာသအေဂျင်စီနှင့် နာဆာတို့ နိုင်ငံတကာအာကာသစခန်းသို့ ယာဉ်မှူးများစေလွှတ်ရာတွင် ၂၀၂၅ ခုနှစ်ထိ ပူးပေါင်းဆောင်ရွက်ရေး သဘောတူထား


**မော်စကို ဒီဇင်ဘာ ၂၉**

ရုရှား အာကာသအေဂျင်စီနှင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)တို့သည် နိုင်ငံတကာ အာကာသစခန်းသို့ ယာဉ်မှူးများ စေလွှတ်ရာတွင် ၂၀၂၅ ခုနှစ်ထိ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူထားကြောင်း ဒီဇင်ဘာ ၂၈ ရက်သတင်းများအရ သိရသည်။

အာကာသသိပ္ပံနယ်ပယ်သည် ယူကရိန်းပဋိပက္ခ စတင်ပြီးနောက်ပိုင်း ရုရှားနှင့်အမေရိကန်နိုင်ငံတို့ကြား ကျန်ရှိနေဆဲဖြစ်သည့် ရှားပါးသော ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။

၂၀၂၅ ခုနှစ်ထိတိုင် နိုင်ငံတကာ အာကာသစခန်းသို့ အာကာသယာဉ်မှူးများ စေလွှတ်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် နာဆာနှင့်သဘောတူညီမှု ရယူထားကြောင်း ရုရှားအာကာသအေဂျင်စီ (ရော့စ်ကော့မော့စ်)က သတင်းထုတ်ပြန်ထားသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်ကို ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုမြင့်တက်လာချိန် ၁၉၉၈ ခုနှစ်တွင် စတင်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



အမေရိကန်နှင့် ရုရှားနိုင်ငံတို့မှအပ နိုင်ငံတကာအာကာသစခန်းစီမံကိန်း၌ပါဝင်နေသည့် မိတ်ဖက်နိုင်ငံများက ၎င်းအာကာသစခန်းကို ၂၀၂၄ ခုနှစ်ထိသာ အသုံးပြုရန် ရည်ရွယ်ထားသည်။


သို့ရာတွင် နာဆာအဖွဲ့ကမူ ၂၀၃၀ ပြည့်နှစ်ထိလည်းကောင်း၊ ရုရှားနိုင်ငံကမူ ၂၀၂၈ ခုနှစ်ထိလည်းကောင်း နိုင်ငံတကာအာကာသစခန်းကို ဆက်သုံးရန်ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ကမ္ဘာမြေဆီသို့ဦးတည်ပျံသန်းနေသော 12P/Pons-Brooks ကြယ်တံခွန် ဒီဇင်ဘာ ၃၀ ရက်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားနိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၂၉**

ကမ္ဘာမြေဆီသို့ဦးတည်ပျံသန်းနေသော 12P/Pons-Brooks အမည်ရှိ ကြယ်တံခွန်သည် ဒီဇင်ဘာ ၃၀ ရက်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားနိုင်ကြောင်း ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။




အချင်းအားဖြင့် ၁၈ ဒသမ ၆ မိုင်ထိရှိသော အဆိုပါကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းတိုးဝင်လာစဉ် ယခုနှစ်အတွင်း အကြိမ်ပေါင်းများစွာ ပေါက်ကွဲခဲ့သည်။

12P/Pons-Brooks ကြယ်တံခွန်သည် ၁၅ ရက်တစ်ကြိမ် ပေါက်ကွဲနေတတ်ပုံရှိပြီး ပေါက်ကွဲမှုဖြစ်ပွားစဉ် ရေခဲမှုန်နှင့်ဓာတ်ငွေ့မှုန်များကို မှုတ်ထုတ်နေတတ်ကြောင်း အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အဆိုပါကြယ်တံခွန်သည် ဒီဇင်ဘာ ၃၀ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားနိုင်ကြောင်း သိရသည်။

12P/Pons-Brooks ကြယ်တံခွန်ကို မီးတောင်လှုပ်ရှားမှုများရှိတတ်သည့် ရေခဲမီးတောင်ကြယ်တံခွန်အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## RSV ပိုင်းရပ်ရောဂါကာကွယ်ဆေးတစ်မျိုးက ရောဂါကြောင့်ဆေးရုံတက်ရောက်ရနိုင်ခြေ လျှော့ချနိုင်

**လန်ဒန် ဒီဇင်ဘာ ၂၉**

Respiratory Syncytial Virus (RSV) ခေါ် ကလေးများတွင် ဖြစ်ပွားတတ်သည့် အသက်ရှုလမ်းကြောင်း ပိုင်းရပ်ရောဂါတစ်မျိုးအတွက် စမ်းသပ်နေသည့် ကာကွယ်ဆေးတစ်မျိုးသည် အဆိုပါ ပိုင်းရပ်ရောဂါကြောင့် ဆေးရုံတက်ရောက်ရနိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

လက်တွေ့ စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Nirsevimab ကာကွယ်ဆေးသည် RSV ရောဂါကြောင့် ကလေးများ ဆေးရုံတက်ရနိုင်ခြေကို ၈၀ ရာခိုင်နှုန်းကျော်ထိ လျှော့ချပေးနိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

လက်တွေ့စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Nirsevimab ဆေး ရယူထားသူများသည် မရယူထားသူများနှင့် နှိုင်းယှဉ်ပါက RSV ရောဂါကြောင့် ဆေးရုံတက်ရောက်ရနိုင်ခြေ ၈၃ ရာခိုင်နှုန်းထိ ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Nirsevimab ကာကွယ်ဆေးသည် ဗြိတိန်နိုင်ငံ ရင်ဆိုင်နေရသည့် RSV ရောဂါပြဿနာကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များ၏အဆိုအရ သိရသည်။

ဗြိတိန်နိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း အသက် ငါးနှစ်အောက် ကလေးဦးရေ ၃၃၀၀၀ ခန့်တို့မှာ RSV ပိုင်းရပ်ရောဂါကြောင့် ဆေးရုံတက်နေကြရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ကင်ဆာရောဂါ၏နာကျင်ကိုက်ခဲမှုများအတွက် အက်စပရင်ဆေးက ထိရောက်မှုရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၂၉**

ကင်ဆာရောဂါ၏ နာကျင်ကိုက်ခဲမှုများအတွက် အက်စပရင်ဆေးသည် ဘိန်းအာနိသင်ရှိ အကိုက်အခဲပျောက်ဆေးကဲ့သို့ပင် ထိရောက်မှုရှိကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ကင်ဆာဆဲလ်များကြောင့် ကင်ဆာလူနာအများအပြားမှာ အဆက်မပြတ် နာကျင်ကိုက်ခဲမှုဝေဒနာကို ကုစားရေးအတွက် မော်ဖင်းကဲ့သို့ မူးယစ်စေသော ဆေးဝါးများကို သုံးစွဲကြရသည်။

သို့ရာတွင် အက်စပရင်ကဲ့သို့သော မူးယစ်စွဲလမ်းစေတတ်သည့် ဆေးများသည်လည်း ကင်ဆာလူနာများ၏ နာကျင်ကိုက်ခဲမှုပြဿနာကို ဘိန်းအာနိသင်ရှိ ဆေးများကဲ့သို့ပင် ထိရောက်စွာ လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဩစတြေးလျသုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဘိန်းအာနိသင်ရှိသည့်ပြင်းထန်သော အကိုက်အခဲပျောက်ဆေးများသည် ကိုယ်ခန္ဓာ၏ကင်ဆာဆဲလ်များကို ချေမှုန်းတိုက်ခိုက်နိုင်စွမ်းအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

သုတေသန ပညာရှင်များသည် Opioid ခေါ် ဘိန်းအာနိသင်ရှိဆေးများနှင့် ပြုလုပ်ထားသည့် လက်တွေ့စမ်းသပ်မှုပေါင်း ၁၅၀ ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အက်စပရင်ကဲ့သို့ ပြင်းထန်ခြင်းမရှိသော ဆေးများသည်လည်းကင်ဆာလူနာများ၏ ကိုက်ခဲမှုဝေဒနာကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



# မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဆောင်းရာသီတံခွန်စိုက် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၉**

၂၀၂၃ ခုနှစ် တတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဆောင်းရာသီတံခွန်စိုက်ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသား ဆယ်ပေါက်တန်း ဗိုလ်လုပွဲတွင် တော်ဝင်ငွေရတနာအသင်းက ဇမ္ဗူရတနာအေးအသင်းကိုရမှတ် ၁၃၅၃၊ ၁၂၄၂ ရမှတ်ဖြင့် လည်းကောင်း၊ အမျိုးသားခြောက်ပေါက်တန်းတွင် ကာကွယ်ရေးအသင်းက သူရိန်မင်းအသင်းကို ရမှတ် ၁၀၉၈၊ ၁၀၃၀ ရမှတ်ဖြင့်လည်းကောင်း၊အမျိုးသမီးလေးပေါက်တန်းတွင် စာဥအသင်းက ခေတ္တရာရွှေပြည်အသင်းကို ရမှတ် ၅၉၀၊ ၅၁၉ မှတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပခဲ့ရာ ပထမ၊ ဒုတိယ၊ တတိယဆု၊ အကောင်းဆုံးအားကစားသမားဆုများနှင့်အသန့်ရှင်းဆုံးဆုရရှိကြသည့် အားကစားသမားများကို မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌဦးသက်လွင်၊ တပ်မတော်ခြင်းလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ရဲလွင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှညွှန်ကြားရေးမှူးများ၊မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ အမှုဆောင်များက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့်ဆုဖလားများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဆယ်ပေါက်တန်းတွင် ခြောက်သင်း၊ ခြောက်ပေါက်တန်းတွင် ၁၁ သင်း၊ လေးပေါက်တန်းတွင် လေးသင်းဖြင့် အားကစားသမားဦးရေ ၂၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **STA**

# ၂၀၂၄ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အမြင့်ဆုံးဆုကြေးငွေချီးမြှင့်ရန် ဆုံးဖြတ်

**မဲလ်ဘုန်း ဒီဇင်ဘာ ၂၉**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်ကျင်းပမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲသမိုင်းတစ်လျှောက် အမြင့်ဆုံး ဆုကြေးငွေချီးမြှင့်သွားရန် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီက ဆုံးဖြတ်လိုက်ကြောင်း ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲကော်မတီဥက္ကဋ္ဌဂရေ့တိုင်လေက ယနေ့တွင် ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဆုကြေးငွေအဖြစ်အမေရိကန်ဒေါ်လာ စုစုပေါင်း ၈၆ ဒသမ ၅ သန်းထိ တိုးမြှင့်ချီးမြှင့်မည်ဖြစ်ပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအနေဖြင့် အမေရိကန်ဒေါ်လာ ၃ သန်းကျော်ထိ ခံစားခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ ၂၀၂၄ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်ချီးမြှင့်မည့် စုစုပေါင်းဆုကြေးငွေပမာဏသည် ၂၀၂၃ ခုနှစ်က ချီးမြှင့်ခဲ့သောပမာဏထက် ၁၃ ရာခိုင်နှုန်းများမည်ဖြစ်ပြီး တင်းနစ်လောကတွင် ဆုကြေးငွေအများဆုံးချီးမြှင့်သည့် ပြိုင်ပွဲအဖြစ်မှတ်တမ်းဝင်မည်ဖြစ်သည့်အပြင် ပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအဆင့်မှပါဝင်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဝင်များအနေဖြင့် လက်ရည်စစ်ပွဲကိုကျော်ဖြတ်ပြီး ပထမအဆင့်ကို တက်ရောက်ခွင့်ရရုံဖြင့် ဆုကြေးငွေခွဲတမ်းအမြောက်အမြား ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများကို ယနေ့ ၈ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် အားကစားရုံတို့တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ဖူဆယ်အားကစားရုံ၌ ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာန အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း ကို ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ငါးဂိုး လေးဂိုးဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းကို ခြောက်ဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ပိုက်ကျော်ခြင်းပြိုင်ပွဲများကစားခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# ကင်မရွန်းအသင်းနှင့် နောက်ကျမှပူးပေါင်းခွင့်ရရှိရန် ဂိုးသမား အိုနာနာ တောင်းဆို

**မန်ချက်စတာ ဒီဇင်ဘာ ၂၉**

မန်ယူအသင်း ဂိုးသမားအိုနာနာသည် လာမည့် ဇန်နဝါရီ ၁၄ ရက်တွင်စတင်ကျင်းပမည့် အာဖရိကဖလားပြိုင်ပွဲတွင် ကင်မရွန်းအသင်းလူစာရင်းတွင် ရွေးချယ်ခံထားရပြီး ၎င်းအနေဖြင့် လက်ရွေးစင်အသင်းနှင့် နောက်ကျပူးပေါင်းခွင့်ရရှိရေးအတွက် ကင်မရွန်းအက်ဖ်အေကို တောင်းဆိုထားကြောင်း သိရသည်။

ကင်မရွန်းအသင်းသည် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လာမည့် ဇန်နဝါရီ ၉ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံတွင် ဇမ်ဘီယာအသင်းနှင့်ခြေစမ်းပွဲကစားမည်ဖြစ်သောကြောင့် အိုနာနာအနေဖြင့် အသင်းနှင့် စောစီးစွာပူးပေါင်းရမည်ဖြစ်သော်လည်း ၎င်းသည် လာမည့် ဇန်နဝါရီ ၈ ရက်တွင် မန်ယူအသင်းနှင့် ကစားရမည့် အက်ဖ်အေဖလား ပွဲစဉ်အပါအဝင် အသင်း၏ပွဲစဉ်များကို ပါဝင်ကစားလိုသောကြောင့် ကင်မရွန်းအဖ်အေကို နောက်ကျမှလက်ရွေးစင်အသင်းနှင့် ပူးပေါင်းခွင့်ရရှိရေးဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် လာမည့် ဇန်နဝါရီ ၈ ရက်တွင် ဝီဂန်အသင်းနှင့် အက်ဖ်အေဖလား တတိယပွဲစဉ်အပြီး ဇန်နဝါရီ ၁၄ ရက်တွင် စပါးအသင်းနှင့် အမှတ်ပေးပွဲကို လည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်၊ ၂၈ ရက်တွင် အက်ဖ်အေဖလား စတုတ္ထအဆင့်ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် ဝုဝ်အသင်းနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် အေဗီလာအသင်းနှင့်လည်းကောင်း ကစားရမည်ဖြစ်ကာ အဆိုပါပွဲစဉ်များတွင် အိုနာနာကို လက်လွှတ်ရမည်ဖြစ်ပြီး ဒုတိယဦးစားပေးဂိုးသမား ဘာရင်ဒီယာကိုသာ အသုံးပြုရဖွယ်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**




# AFC Futsal Level - 2 Coaching Certificate Course သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

AFC Futsal Level - 2 Coaching Certificate Course သင်တန်းဆင်းပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ရဲမွန်ထွဋ်၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ သင်တန်းနည်းပြ Mr. Bunlert Charoen-wang နှင့် သင်တန်းနည်းပြဆရာများ၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်သင်တန်းသား၊သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားတွင်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ရဲမွန်ထွဋ်၊ သင်တန်းနည်းပြ Mr. Bunlert Charoen-wang တို့က သင်တန်းဆင်းအမှာစကားများ ပြောကြားခဲ့ပြီးနောက် သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြသည်။

ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အမှတ်တရဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

AFC Futsal Level - 2 Coaching Certificate Course သင်တန်းကို ဒီဇင်ဘာ ၂၁ ရက်မှ ယနေ့ထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၁၂ ဦးနှင့် သင်တန်းသူ တစ်ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **STA**

# မောင်မောင်ဖြူ၏ နွေဦးကာလမြူထသောခါ

## ပုသိမ်အောင်သန်းဦး

အေးဆွေသည် ထန်းသမားမျိုးရိုးဖြစ်သည်။ သူ့အဘိုး၊ အဘွားများသည် မူလက ထန်းပိုင်ရှင်များဖြစ်သည်။ အဘွားဆုံးတော့ သူတို့ပိုင်ထန်းတောကို ပေါင်နှံရာမှ ဆုံးရှုံးခဲ့ရပြီး ထန်းသမားသက်သက်ဘဝရောက်လာ၊ အေးဆွေအဖေလက်ထက်တွင် သီးစားထန်းသမားဘဝ ရောက်လာခဲ့သည်။ အေးဆွေအဖေကား ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ထန်းပိုင်ရှင်ဦးမြမောင်ပိုင်ထန်းတောတွင် အလုပ်လုပ်ရသည်။

ထန်းတောမှာ ကျောက်ပန်းတောင်းမြို့အနီး လက်ပံပင်ရွာတွင်ရှိသည်။ အေးဆွေ၏မိဘများမှာ ဦးဖိုးခန့်-ဒေါ်ဘုမတို့ဖြစ်သည်။ အေးဆွေ လက်ပံပင်ရွာ အလယ်တန်းကျောင်းတွင် စတင်ပညာသင်ခဲ့သည်။ မိဘများ၏ ထန်းလုပ်ငန်းကို ကူညီရင်းကျောင်းတက်ခဲ့ရသည်။ ထွေးရီသည်လည်း ထန်းသမားမိသားစုမှ အေးဆွေနှင့်အတူ ပညာသင်ကြားခဲ့သူဖြစ်သည်။

အေးဆွေ ခြောက်တန်းရောက်သည့်နှစ်တွင် ထွေးရီမှာ နှစ်တန်းသာရှိသေးသည်။ ဘဝတူများဖြစ်၍ တစ်ဦးကိုတစ်ဦးကူညီခဲ့ကြသည်။ အေးဆွေ ခုနစ်တန်းရောက်သောအခါ ကျောက်ပန်းတောင်း အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်သည်။ ကျောက်ပန်းတောင်းကျောင်းတွင် ထန်းပိုင်ရှင် ဦးမြမောင်သမီး ခင်သန်းငွေနှင့်တွေ့ရသည်။ မိဘအရှိန်ကြောင့် မာနတက်နေသော ခင်သန်းငွေနှင့်အဆက်အဆံမရှိခဲ့။

တစ်နေ့ ကျောင်းလာရင်း ခင်သန်းငွေ ခွေးကိုက်ခံရသဖြင့် အေးဆွေက ကူညီခဲ့ရသည်။ ခင်သန်းငွေ ခွေးကိုက်ခံရသည့်ဒဏ်ရာကို အေးဆွေက ပြုစုပေးသည်။ အေးဆွေက ခင်သန်းငွေကို ရွာသို့ပြန်ပို့ရာမှ ခင်မင်ခဲ့ကြသည်။ ခင်သန်းငွေ မလိုက်နိုင်သောစာများကို အေးဆွေက ပြပေးသည်။ ပို၍ခင်မင်လာကြသည်။ အေးဆွေ ကိုးတန်းနှစ်တွင် သူ့အဖေ ထန်းပင်ပေါ်မှလိမ့်ကျသည်။ လက်ကျိုးသွားသည်။ အေးဆွေပညာရေးခက်ခဲလာသည်။ အေးဆွေ ရေစည်တိုက်ပြီး အိမ်ထောင်ကိစ္စဖြေရှင်းခဲ့သည်။ အလွတ်ပညာသင်ကျောင်းဆရာက အေးဆွေကို ကူညီသင်ပေးသည်။ ၁၀ တန်း အောင်ခဲ့သည်။

အေးဆွေ အလုပ်လုပ်ရင်း ပညာဆက်သင်ရန် ရန်ကုန်သို့ဆင်းခဲ့သည်။ ခင်သန်းငွေက ပညာရေးတက္ကသိုလ်သို့ ဆက်တက်နေသည်။ အေးဆွေသည် ဦးလှဒင်ထံမှ ဆိုရှယ်လစ်၊ ကွန်မြူနစ်သဘောတရားများကို ကြားသိရသည်။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရတက်လာပြီးနောက် ဆိုရှယ်လစ်အသံများ ပိုကြားရသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်၊ သမဝါယမစနစ်အကြောင်းလည်း သိခွင့်ရခဲ့သည်။

အေးဆွေ ထန်းလုပ်ငန်းကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်ရန်အကြံရသည်။ ရွာပြန်ပြီး ထန်းလုပ်သားများနှင့် ဆွေးနွေးသည်။ ဆရာကြီးဦးလှဒင်၏ အကူအညီဖြင့် ထန်းလုပ်သားတို့စုပေါင်းပြီး သမဝါယမအသင်းတည်ထောင်ရန် အားထုတ်သည်။ ထန်းသမားတို့ကို ထန်းလုပ်ငန်းရှင်၊ အရင်းရှင်များ၏ ခေါင်းပုံဖြတ်နေမှုများကို ရှင်းပြသည်။ မကြာမီ စုပေါင်းထန်းချက်လုပ်ငန်းကို အစပြုသည်။ အစတွင် ခက်ခဲသော်လည်း အောင်မြင်စပြုလာသည်။ ထန်းပိုင်ရှင်တို့ကို သုံးစုတစ်စုပေးနေရာမှ ငါးစုတစ်စု ပေးရန် ဆုံးဖြတ်သည်။

**❖ “နွေဦးကာလ မြူထသောခါ”သည် ထန်းလုပ်သား၊ ထန်းပိုင်ရှင် ပဋိပက္ခဇာတ်လမ်း၊ ထန်းသမားတို့၏ စုပေါင်းလုပ်ငန်းတည်ဆောက်ရေးကား ဆန်းသည်။ သစ်လွင်သည်။ ထန်းလောကအကြောင်းကို အရေးနည်းသောကြောင့် မြန်မာဝတ္ထုလောကအဖို့ လတ်ဆတ်သည်။ သို့သော် ထန်းလုပ်သားများနှင့် ထန်းပိုင်ရှင်တို့၏ ပဋိပက္ခဖော်ပြရေးအပိုင်း၌ ထန်းစုတိုက်ပွဲ၊ သီးစားတိုက်ပွဲ။ ထိုတိုက်ပွဲများတွင် ထန်းပိုင်ရှင်က ထန်းသမားတို့ကြား ထိုးဖောက်ပုံ၊ ကုန်သည်များနှင့်ပေါင်း၍ သမဝါယမလုပ်ငန်းကို ထိုးနှက်ပုံအဖွဲ့မှာ အားနည်းနေသည်ဟု ဝေဖန်ရေးဆရာက သုံးသပ်ထားသည်။ ❖**

ထန်းပိုင်ရှင်များနှင့် ထိပ်တိုက်တွေ့သည်။ မြို့ပေါ်ရှိ ထန်းလုပ်ငန်းရှင်များက ငါးစုတစ်စုကိုလက်မခံ၊ မိမိတို့ ထန်းသမားများကို ထန်းလှည့်တက်လုပ်သားများအဖြစ်မှ ရုပ်သိမ်းကြောင်း ကြေညာသည်။ ထန်းပိုင်ရှင်များနှင့် ထန်းလုပ်သားတို့၏ တိုက်ပွဲ ပြင်းထန်လာသည်။ ဤတွင် ခင်သန်းငွေက ကြားဝင်လာသည်။ အေးဆွေနှင့် ခင်သန်းငွေတို့ ဆက်ဆံရေး တင်းမာလာသည်။

ထန်းလုပ်သားများက ငါးစုတစ်စုပေးရေးတိုက်ပွဲကို ဆက်တိုက်သည်။ ထန်းပိုင်ရှင်တို့က ရဲကိုတိုင်ကာ ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲသည်။ ရဲက ထန်းသမားများကို ထန်းမတက်ကြရန်နှင့် တက်ပါက ပိုင်နက်ကျူးလွန်မှုဖြင့် ဖမ်းဆီးကာ တရားစွဲမည်ဖြစ်ကြောင်းပြော၏။

ဤတွင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီလူကြီးများပါလာတော့သည်။ နှစ်ဖက်စလုံးက အကျိုးနှင့် အကြောင်းနှင့်တင်ပြကြသည်။ အေးဆွေက ထန်းသမားများဘက်မှရပ်တည်ကာ လျှောက်လဲသည်။ သို့ဖြင့် လက်ပံပင်ကျေးရွာ၌ စုပေါင်းထန်းလုပ်ငန်းစနစ်ပေါ်လာသည်။ ခင်သန်းငွေလည်း ပညာရေးတက္ကသိုလ်မှ ကျောင်းဆင်းလာသည်။

ခင်သန်းငွေက အေးဆွေတို့၏ စုပေါင်းသမဝါယမလုပ်ငန်းကို ထောက်ခံကြောင်းပြောသည်။ အေးဆွေအပေါ် အထင်လွဲခဲ့မှုကို တောင်းပန်သည်။ အေးဆွေနှင့် ခင်သန်းငွေတို့ ငြိတွယ်လာကြသည်။ ထိုအခါ ခင်သန်းငွေ၏မိဘများက မြို့အုပ်ဦးဝင်းအောင်နှင့် လက်ထပ်ပေးရန်စီစဉ်သည်။

ခင်သန်းငွေက ဦးဝင်းအောင်၏ အမူအကျင့်ကို မကြိုက်၊ မိန်းကလေးများကို ဖျက်ဆီးနေသူအဖြစ် သတင်းများကြားနေရသည်။ ထို့ကြောင့် ဦးဝင်းအောင်ကိုငြင်းသည်။ ဤကာလတွင် ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေပေါ်လာသည်။ ထန်းပိုင်ရှင်ကို ပေးနေရသည့် ငါးစုတစ်စုဝေစုကိုပင် ပေးရန်မလိုတော့ကြောင်း ဥပဒေက ဆိုထားသည်။ ထိုအခါ ထန်းပိုင်ရှင်များနှင့် တိုက်ပွဲစစ်မျက်နှာ ပို၍ကျယ်လာသည်။ အေးဆွေကလည်း ခင်သန်းငွေကိုချစ်မိနေပြီဖြစ်ကြောင်း သွယ်ဝိုက်၍ပြောမိသည်။

အေးဆွေနှင့် ခင်သန်းငွေတို့ ပို၍ကျွမ်းဝင်လာကြသည်။ ထိုအခါ ခင်သန်းငွေ၏ မိဘများက မြို့အုပ် ဦးဝင်းအောင်နှင့်ပေးစားရန် အတင်းစီစဉ်ကြသည်။ ခင်သန်းငွေက ငြင်းသော်လည်းမအောင်မြင်။

အေးဆွေသတင်းများကြားနေသည်။ ခင်သန်းငွေနှင့် သူမှာ အခြေခံလူတန်းစားချင်းမတူ၍ ခင်သန်းငွေ မြို့အုပ် ဦးဝင်းအောင်နှင့် လက်ထပ်လိမ့်မည်ဟု ယူဆသည်။ ထွေးရီအပေါ်တွင်လည်း အေးဆွေ သံယောဇဉ်ဖြစ်နေ၏။

ဦးဝင်းအောင်နှင့် ခင်သန်းငွေတို့ လက်ထပ်ရန်စီစဉ်နေဆဲ ခင်သန်းငွေပျောက်သွားသည်။ အေးဆွေကို ရဲကလာဖမ်းသည်။ ထိုကာလတွင် အေးဆွေ အမေသေသည်။ ခင်သန်းငွေရောက်လာပြီး အေးဆွေကို အချုပ်မှ လွှတ်ပေးရန်ပြောသည်။ သူ အေးဆွေနှင့် လက်ထပ်မည်ဟုဆိုသည်။

အေးဆွေနှင့် ခင်သန်းငွေတို့အဖြစ်ကို ထွေးရီမြင်သည်။ ထွေးရီ မြင်းလှည်းမောင်းပြီး ရွာမှထွက်ပြေးသည်။ မြင်းလှည်းချောက်ထဲကျသည်။ အေးဆွေက ကယ်တင်သည်။ ခင်သန်းငွေက ဆုံးဖြတ်ချက်ချသည်။ တောင်တန်းဒေသမှ ကလေးများ၏ပညာရေးအတွက် သူ ပြည်နယ်သို့သွားမည်။

အေးဆွေနှင့် ထွေးရီတို့လက်ထပ်ကြရန် စီစဉ်ပေးသည်။ “နွေဦးကာလ မြူထသောခါ”သည် ထန်းလုပ်သား၊ ထန်းပိုင်ရှင် ပဋိပက္ခဇာတ်လမ်း၊ ထန်းသမားတို့၏ စုပေါင်းလုပ်ငန်းတည်ဆောက်ရေးကား ဆန်းသည်။ သစ်လွင်သည်။ ထန်းလောကအကြောင်းကို အရေးနည်းသောကြောင့် မြန်မာဝတ္ထုလောကအဖို့ လတ်ဆတ်သည်။

သို့သော် ထန်းလုပ်သားများနှင့် ထန်းပိုင်ရှင်တို့၏ ပဋိပက္ခဖော်ပြရေးအပိုင်း၌ ထန်းစုတိုက်ပွဲ၊ သီးစားတိုက်ပွဲ။ ထိုတိုက်ပွဲများတွင် ထန်းပိုင်ရှင်က ထန်းသမားတို့ကြား ထိုးဖောက်ပုံ၊ ကုန်သည်များနှင့်ပေါင်း၍ သမဝါယမလုပ်ငန်းကို ထိုးနှက်ပုံအဖွဲ့မှာ အားနည်းနေသည်ဟု ဝေဖန်ရေးဆရာက သုံးသပ်ထားပါသည်။

“နွေဦးကာလ မြူထသောခါ”သည် မောင်မောင်ဖြူ၏ ပထမဆုံးပုံနှိပ်ထုတ်ဝေခဲ့သည့် ဝတ္ထုဖြစ်သည်။

မောင်မောင်ဖြူ၏ အမည်ရင်းမှာ ဦးသန်းရှိန်ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကျောက်ပန်းတောင်းမြို့နယ် ညောင်တိုဘူတာ ဈေးကုန်းရွာ၌ မွေးဖွားသည်။ အဖ မြေတိုင်းစာရေး ဦးညာဏ်၊ အမိ ဒေါ်ခင်မယ်တို့က မွေးဖွားခဲ့သည်။ မောင်မောင်ဖြူ၏ ထင်ရှားသောဝတ္ထုများမှာ ရှားတောမြေ၊ မရဏမောင်းလော အောင်စည်လော၊ နမနီလာမှိုင်းပြာရီလင်း၊ သောကမိုးသဲစံအိမ်ထဲဝယ်၊ နှင်းမှုံကြားမှ စောသခင်၊ ရွှေမြရံခြယ်၊ ငယ်ကျွမ်းသက်ညာ ကြွေကာနွမ်းရော့မည်၊ ပန်းတေလေကြွေကာလွင့်ပါလို့၊ စံအိမ်ကိုရွှေနှင့်မွန်းပုံ့မယ် စသည့်ဝတ္ထုရှည်များဖြစ်သည်။

**ကိုးကား**

**– မလိ၏ မြန်မာဝတ္ထုအညွန်း**

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစား ၄၂၃၄ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစား ၄၂၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် ပြောင်းဖူးစားပြောင်း ၄၅၂၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အရာတော်မြို့နယ်အတွင်း ပြောင်းဖူးစားပြောင်း ဧက ၄၅၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ပြောင်းဖူးစားပြောင်း ဧက ၄၂၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်” ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက အရာတော်မြို့နယ်တွင် ပြောင်းဖူးစားပြောင်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလထိ စိုက်ပျိုးခဲ့ရာ ၄၅၂၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖော ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# More than 5,000 international tourists from 57 countries visit Bagan ancient cultural zone in Jan-Dec 2023



Some foreign tourists are seen near a temple in the Bagan ancient cultural zone.

**Bagan December 29**

More than 5,500 international travellers paid visits to Bagan ancient cultural zone from January to December 2023, said U Kyaw Myo Win, director of Department of Archaeology and National Museum (Bagan Branch).

More than 2,300 international travellers, the largest number of tourists leading to Bagan ancient cultural zone came from Thailand from January to the third week of December 2023, followed by more than 400 from Russia.

"During the period, more than 5,500 international travellers came to Bagan ancient cultural zone. Among them, the largest number of travellers came from Thailand, followed by Russia and Vietnam in addition to four to five tourists from the United States, Europe, Asia and ASEAN countries," said U Kyaw Myo Win.

Moreover, local travellers are also paying visits to Bagan ancient cultural zone on a monthly basis. The number of travellers is on the rise at the zone during long holidays.

The Bagan ancient cultural zone is an ancient area where religious monuments in good conditions can be seen with attraction to local and foreign travellers. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Wetlet Township completes cultivation of cold season groundnut on more than 13,000 acres of croplands

**Wetlet December 29**

More than 13,000 acres of cold season groundnut have been cultivated in Wetlet Township of Sagaing Region this year, according to the township Agriculture Department.

"This season, the township set a target cultivation of more than 15,000 acres of cold season groundnut. So far, they have cultivated more than 13,000 acres and remaining sown acreage are underway. The township urges local farmers to expand sown acreage of cold season groundnut. They prefer to grow groundnut in cold season rather than cold season," said Daw Kyin San, head of Township Agriculture Department.

In 2022-23 cultivation season, farmers grew 15,407 acres of cold season groundnut from mid-October to December 2022. In 2023-24 season, the township set a target cultivation of 5,986 acres of monsoon groundnut, and local farmers cultivated 3,622 acres of monsoon groundnut starting from June this year.

This year, officials of Township Agriculture Department make field trips to the groundnut plantations for successful thriving of plants, prevention of pests and weeding for the sake of farmers. 206



A groundnut plantation.

# Tender coconut sales from Mawlamyinekyun Township go well

**Labuta December 29**

Sales of tender coconuts from Mawlamyinekyun Township in Labuta District, Ayeyawady Region are getting good, said Daw Htay Win, a local coconut wholesaler.

Mawlamyinekyun Township is an area where coconuts are grown, and from the first week of December until now, the sales of coconuts have been brisk since the Yangon market has bought them well. It is reported that up to 75,000 tender coconuts produced in the area are sold to the Yangon market every five days.

"Mawlamyinekyun Township is located on the Ayeyawady Delta and is an area that produces coconuts. In previous years, there were outbreaks of Covid-19, and domestic and foreign coconut markets failed. This year, the overseas and domestic markets have been allowed to re-export, and the purchase has been strong. Coconuts are being exported and sold as young and mature fruits, and we are currently buying more young fruits. The price of coconuts is good, and the farmers who plant them are making profits because they don't have to wait for the fruit to mature and get money. Although there is a regular purchase, starting from the first week of this month, the demand for coconuts has increased. Coconuts are mainly sold from here to the local market in Yangon," said Daw Htay Win.

Local dried coconuts as well as ripe and tender ones from Mawlamyinekyun Township are bought by local wholesalers and are systematically selected, packed and transported to the Yangon market. The price of 100 coconuts is up to K55,000. **KKL**



Newly plucked coconuts.

# Myaung Township completes cultivation of over 3,000 acres of vegetables

**Myaung December 29**

During the 2023-2024 winter crop planting season, 3,900 acres of vegetables have been earmarked for planting in Myaung Township, and since October this year, 3,445 acres have been planted, according to Sagaing District Agriculture Department.

"We grow mustard, chili, tomato, cabbage, broccoli, okra, etc. We are educating the farmers so that they can grow all the vegetables they grow according to the GAP system. We are giving the farmers techniques to grow all the vegetables they grow in a way that minimizes chemical residues and is suitable for health," said Daw Thida Lwin, head of the Sagaing District Agriculture Department.

During the winter crop planting season of the previous year 2022-2023, vegetables were grown in Myaung Township from October until December 2022, and 3900 acres of vegetables were cultivated.

This year in Myaung Township, the Township Department of Agriculture is providing technical training for vegetable farmers to cultivate using the GAP method, providing them with techniques to make the vegetables produced from the plantations healthy crops, and providing services to expand their vegetable cultivation.

In addition, during the rainy season of 2023-2024, the cultivation of 4,300 acres of vegetables was planned in the township. From May to September of this year, 4,301 acres were planted, exceeding the target. 206

# Authorities plan to extend opening hours of Shwedagon Pagoda in Yangon


The Shwedagon Pagoda is seen with visitors and pilgrims.

**Yangon December 29**

The opening hours of Shwedagon Pagoda in Dagon Township, Yangon Region will be increased as the number of pilgrims visiting the pagoda is increased, according to Shwedagon Pagoda's Board of Trustee.

Currently, due to the increasing number of pilgrims, the Shwedagon Pagoda was originally scheduled to be opened from 5 am to 8 pm, but from January 1, 2024, the opening hours will be extended from 5 am to 9 pm, according to U Bo Thin, a member of the Shwedagon Pagoda's Board of Trustee.

"There were around 20,000 pilgrims a day on regular business days, and on weekends, there were around 40,000 to 50,000 pilgrims a day. From January to November 2023, more than 1.2 million pilgrims came to pay homage. At the Shwedagon Pagoda, we installed about 280 CCTV cameras for the safety of pilgrims," U Bo Thin said.

In November, 2023, more than 600,000 local and foreign pilgrims and monks visited the Shwedagon Pagoda.

ASH

# Italy bears severest weather on record in 2023: reports

**Rome December 29**

Italy has experienced a record-setting number of extreme weather events in 2023, a year that is set to be the warmest in more than 150 years, reports said on Thursday.

According to the climate observatory run by the environmental lobby group Legambiente, Italy reported 378 severe weather events in 2023, an increase of 22 percent compared to last year -- ranging from heatwaves to drought and from hailstorms to floods and extreme winds, which were directly responsible for at least 31 deaths.

On the other hand, the agriculture sector union Coldiretti said there were more than nine harsh weather events per day this year across Italy's boot-shaped peninsula.

In its report, Coldiretti estimated that extreme weather caused a record 6 billion euros (6.6 billion U.S. dollars) of damages to crops and agricultural infrastructure, leading to shortfalls in the country's production of olive oil, peaches, nectarines and wheat.

Legambiente said its calculations showed that the northern part of the country was hit the hardest, with 210 separate extreme weather events, followed by 98 in the central regions and 70 in the south which includes the island regions of Sicily and Sardinia.

Xinhua

# Locals plant 2,325 acres of maize in the winter crop planting season in Kyonpyaw Township

**Kyonpyaw December 29**

A total of 2,325 acres of maize crops will be planted in this winter crop planting season in Kyonpyaw Township, Kyonpyaw District, Ayeyawady Region, said U Kyaw Kyaw, head of the Agriculture Department for Kyonpyaw Township.

In this year's winter crop planting season, 2,325 maize crops will be planted in Kyonpyaw Township in last week of December. Land improvement works have been started in order to plant the maize crops.

"Maize is a crop that is planted every year, so it is not difficult for farmers to plant it. Regarding the danger of pests, we have also provided trainings on how to deal with it. In order to meet the target, all the crops that will be planted in the winter, including maize, will be cultivated in cooperation with the Department of Agriculture, the Department of Agricultural Mechanization, the Department of Agricultural Land Management and Statistics, and local farmers," he said.

KKL


A maize plantation.

# Feature: Egypt's skyscrapers "put on" Chinese glass curtain walls

**Cairo December 29**

In the vast and scorching desert in North Africa, Chinese and Egyptian workers are working against the clock to dress up a cluster of newly erected high-rises in glass walls made in China.

Here is the Central Business District (CBD) of Egypt's new administrative capital, 45 kilometers east of the Egyptian capital of Cairo. The new capital is not only a key project of the China-proposed Belt and Road Initiative but also the largest project constructed by Chinese companies in Egypt.

After four years of construction, the modern city is finally taking shape, with a cluster of glass buildings shining like a mirage amidst the arid landscape.

Located near the Sahara Desert, Egypt's climate is predominantly hot and dry, and the highest temperature can reach 50 degrees Celsius in summer.

Under such an extreme environment, installing glass walls for these skyscrapers requires impeccable craftsmanship and top-notch materials, in which Chinese builders have stood out when compared to their Western counterparts.

Xinhua



# Coordination covers direct export of onions to the Philippines

**Nay Pyi Taw December 29**

Coordination is being conducted for direct export of onions from Myanmar to the Philippines, according to the Myanmar Kitchen Crops Growers and Exporters Association on 28 December.

At present, Myanmar sells onions to the Republic of the Philippines but it takes export via China, Thailand and India.

As such, transport charge is high, without earning the deserved benefit in exportation.

Hence, the association arranges to sell onions to the Philippines in a direct export to earn deserved benefit. Currently, the Myanmar Kitchen Crops Growers and Exporters Association and the Myanmar Rice Federation are striving for export of onions to the Philippines.

At present, the initial export of onions is being exported to the Philippines to assess the goods so as to sign the G to G pact.

In order to ink the G to G pact, two Myanmar relevant associations contact the Philippine International Trading Corporation (PITC) of the Philippines and the relevant bureau of the Agriculture Department of the Philippines.

Currently, Myanmar exports onions to China, India, Bangladesh, Thailand, Viet Nam, the Philippines and Laos. Now, onion is being harvested in local area. Merchants arrive at the farms to buy K2,500 to K2,800 per viss of onion from farmers.

At Bayintnaung brokerage in Yangon Region, onion fetched K1,900 to K3,800 per viss depending on size and quality.

336

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီရန်ရေတပ်က ခရုဇ်ဒုံးကျည်များ၊ အဆင့်မြင့်သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များ ပြည်တွင်းစက်မှုလုပ်ငန်းကုမ္ပဏီထံမှ လက်ခံရရှိခဲ့



အီရန်ရေတပ်သည် ၎င်း၏ရေကြောင်းစွမ်းအားမြှင့်တင်ရန်ရည်ရွယ်၍ ခရုဇ်ဒုံးကျည်များ၊ အဆင့်မြင့်သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များကို ပြည်တွင်းစက်မှုလုပ်ငန်း ကုမ္ပဏီထံမှ ဒီဇင်ဘာ ၂၄ ရက်က လက်ခံရရှိခဲ့ကြောင်း sputnikglobe.com သတင်းဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စစ်လက်နက်ပစ္စည်းများစာရင်းတွင် အကွာအဝေး ကီလိုမီတာ ၁၀၀၀ ကျော်ထိ ပစ်မှတ်များကိုပျံသန်းနေစဉ် Mid-Flight အတွင်း တိုက်ခိုက်နိုင်သော မဟာဗျူဟာမြောက် တိကျခရုဇ်ဒုံးကျည်အမျိုးအစား Talayieh တို့ပါဝင်သည်။ ထို့ပြင် အကွာအဝေး ကီလိုမီတာ ၁၀၀၊ အလေးချိန်ကီလိုဂရမ် ၁၃၀ ရှိ ထိပ်ဖူးတပ် Active Radar ထိန်းကျောင်းရေးစနစ်သုံး Nasir တာတိုပစ် ခရုဇ်ဒုံးကျည်ကိုလည်း လက်ခံရရှိခဲ့သည်။ အီရန်နိုင်ငံ ရေတပ်ရှိ Jamaran ဖျက်သင်္ဘောတွင် Sanjar Loitering Munitions များဖြင့် တပ်ဖြန့်အသုံးပြုထားနိုင်ပြီဖြစ်သည်။

အီရန်ရေတပ်သည် အမျိုးအမည်သတ်မှတ်ထားခြင်းမရှိသေးသည့် ဘက်စုံသုံး ဒရုန်းအခြေပြု အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သစ် တစ်ခုကိုလည်း တပ်တော်ဝင်အသုံးပြုနိုင်ခဲ့ကြောင်း သိရှိရပြီး အောက်တိုဘာလက ထုတ်ဖော်ပြသခဲ့သော Kaman-19 အီလက်ထရွန်နစ်စစ်ဆင်ရေးသုံးဒရုန်းကို ရည်ညွှန်းခြင်းလည်းဖြစ်နိုင်သည်။ ၎င်းစနစ်အပြင်ရေတပ်သည် ရေငုပ်ရှာဖွေထောက်လှမ်းရေးစနစ်၊ မြေပြင်မှမြေပြင်ပစ် ဒုံးကျည်စနစ်အသစ်နှင့် Sirvan ဆွဲသင်္ဘောသစ်တစ်စီးတို့ပါလက်ခံရရှိခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံ စစ်ဘက်ဆိုင်ရာဌာနခွဲသည် အပေါ့စား ထောက်လှမ်းရေးရဟတ်ယာဉ်များအပါအဝင် သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်သစ်များ၊ ထောက်လှမ်းရေးစနစ်များနှင့် ပြည်တွင်းထုတ် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သစ်များ တပ်ဆင်ထားသော ရဟတ်ယာဉ်သစ်များ၊ ရန်သူ့ဒုံးကျည်များကို လှည့်စားအနိုင်ယူနိုင်စွမ်းရှိသော ရန်သူ၊ မိတ်ဆွေခွဲခြားရေးစနစ်များတပ်ဆင်ထားသည့် ရဟတ်ယာဉ်သစ်များပါ တပ်တော်ဝင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

အီရန်နိုင်ငံသည် ပြည်တွင်းထုတ်ကာကွယ်ရေး၊ အီလက်ထရွန်နစ်အခြေစိုက်စက်မှုလုပ်ငန်းများကို အခိုင်အမာအလေးပေးလုပ်ဆောင်လာနိုင်မှုကြောင့် ရေဒါမှ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သုံးဒရုန်းများထိ အဆင့်မြင့်စစ်ဘက်ဆိုင်ရာနည်းပညာများတွင် သိသိသာသာအဆင့်မြင့်စနစ်များ ထုတ်လုပ်လာနိုင်ခဲ့သည်။ ထို့ကြောင့် အစ္စလာမ္မစ်သမ္မတနိုင်ငံသည် အမေရိကန်အပါအဝင် အင်အားကြီးနိုင်ငံများကို မထီမဲ့မြင် ဆက်ဆံလာနိုင်ခဲ့သည်။ ဥပမာ ဧပြီလတွင် အီရန်သည် F-35 တိုက်လေယာဉ်များ၏ ရေဒါပုံရိပ်ကို ထောက်လှမ်းနိုင်ခဲ့ပြီး အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ကမ်းခြေများအနီးတွင် လျှို့ဝှက်ခုတ်မောင်းရန်ကြိုးပမ်းနေသည့် အမေရိကန် နျူကလီးယားစွမ်းအင်သုံး ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောများကို ထောက်လှမ်းနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားနိုင်သည်ထိ နည်းပညာအဆင့်အတန်းမြင့်မားလာမှုကိုသက်သေပြနိုင်ခဲ့ကြသည်။

အီရန်နိုင်ငံသည် လှုပ်ရှားစစ်ကစားနိုင်စွမ်းမြင့်မားသော Fattah ပဲ့ထိန်းဒုံးကျည်ကို ဇွန်လတွင် ထုတ်ဖော်ပြသခဲ့ပြီးနောက် ဟိုက်ပါဆောနစ်ပိုင်းတွင် ထိပ်တန်းနိုင်ငံများအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ဩဂုတ်လတွင် အီရန် သိပ္ပံပညာရှင်များသည် အလွန်အဆင့်မြင့်သော ရမ်ဂျက်စွမ်းအင်သုံး ခရုဇ်ဒုံးကျည်ကိုထုတ်လုပ်ရန် နည်းပညာဆိုင်ရာ အသိပညာများကို ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**Iran's Navy Gets New Cruise Missiles, Advanced Choppers as Regional Tensions Surge ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်တော်ဝင်လေတပ်က F-16 တိုက်လေယာဉ်ဖြင့်တိုက်ပွဲဝင်နိုင်ရန် ဒိန်းမတ်တွင် ယူကရိန်းလေယာဉ်မှူးများကိုလေ့ကျင့်ပေးမှုများပြုလုပ်



ဗြိတိန်နိုင်ငံ တော်ဝင်လေတပ်သည် F-16 တိုက်လေယာဉ်ဖြင့် တိုက်ပွဲဝင်နိုင်ရန်အတွက် ဒိန်းမတ်နိုင်ငံတွင် ယူကရိန်းလေယာဉ်မှူးများကို လေ့ကျင့်သင်တန်းပေးမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းလေကြောင်းစွမ်းအား ညွန့်ပေါင်းအဖွဲ့တွင် ဗြိတိန်နိုင်ငံ၏ ပံ့ပိုးကူညီမှုတစ်စိတ်တစ်ပိုင်းအဖြစ် ဩဂုတ်လက ထုတ်ပြန်ခဲ့သော ကြေညာချက်သည် ယူကရိန်းနိုင်ငံကို နိုင်ငံစုံမှတိုက်လေယာဉ်လေ့ကျင့်သင်တန်းပေးရေးနှင့်လေ့ကျင့်ရေးအထောက်အကူပြုစနစ်များ ပံ့ပိုးပေးသည့် အစီအစဉ်တစ်ခုဖြစ်သည်။

ဒိန်းမတ်နိုင်ငံရှိ သင်တန်းသားများတွင် ဗြိတိန် တော်ဝင်လေတပ်လက်အောက်ရှိ လေကြောင်းဆိုင်ရာ အင်္ဂလိပ်ဘာသာစကားသင်တန်းကို တတ်မြောက်ပြီးဖြစ်သည့် အတွေ့အကြုံရှိ ယူကရိန်းတိုက်လေယာဉ်မှူးခြောက်ဦး တက်ရောက်လျက်ရှိသည်။

နောက်ထပ် ယူကရိန်းတပ်ဖွဲ့ဝင် ၁၀ ဦးပါ သင်တန်းအဖွဲ့တစ်ဖွဲ့သည် ဘာသာစကား လေ့ကျင့်မှုတွင်ပါဝင်ခဲ့ပြီး ၎င်းတို့၏ လက်တွေ့ကျသော အခြေခံလေယာဉ်ပျံသန်းမှု၊ အာရုံစူးစိုက်မှုနှင့် လေကြောင်းဆိုင်ရာ ဆေးပညာသင်ခန်းစာများကို ဆက်လက်လုပ်ဆောင်ရန် ဗြိတိန်နိုင်ငံတွင် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။

တိုက်ပွဲဝင် ပျံသန်းမောင်းနှင်ရေး လက်တွေ့သင်တန်းများကို ဗြိတိန်နိုင်ငံ တော်ဝင်လေတပ်မှ သင်တန်းဆရာများက ဦးဆောင်ကာ Grob Tutor အပေါ့စားအမောင်းသင် လေယာဉ်အကူအညီဖြင့် ဆောင်ရွက်ပေးသည်။ သင်ခန်းစာများတွင် ယေဘုယျ ပျံသန်းမောင်းနှင်ရေးလုပ်ထုံးလုပ်နည်းများ၊ အလယ်အလတ်နှင့်အနိမ့်ပျံသန်းမှုတွင် လမ်းကြောင်းပြခြင်း၊ စက်ပစ္စည်းကိရိယာများအသုံးပြု၍ ပျံသန်းခြင်းနှင့် အုပ်ဖွဲ့ပျံသန်းခြင်းတို့ ပါဝင်သည်။

F-16 တိုက်လေယာဉ်သင်တန်းသည် ယူကရိန်းလေသူရဲများကို မဟာမိတ်နိုင်ငံများမှ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ လေ့ကျင့်သင်တန်းပေးမှုများ ပြီးမြောက်ပါက ၎င်းတို့၏လေ့ကျင့်ရေးစွမ်းရည်ကို NATO စံနှုန်းများဖြင့် ချဉ်းကပ်လုပ်ဆောင်နိုင်စေရန် ပိုမိုနီးကပ်စေမည့်အတွေ့အကြုံများဖြင့် လေ့ကျင့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ရေးသားခဲ့သည်။

အထူးစစ်ဆင်ရေး စတင်ကတည်းက ရာနှင့်ချီသော ဒုံးကျည်များနှင့် ခဲယမ်းမီးကျောက်များအပြင် ရေဒါနှင့် လက်နက်စနစ်များဖြင့် ဗြိတိန်နိုင်ငံသည် ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးကို တည်ဆောက်ရာတွင် အရေးပါလာခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး The Grant Shapps က ပြောကြားခဲ့သည်။

"စွမ်းဆောင်ရည်မြင့်မားတဲ့ စတုတ္ထမျိုးဆက် F-16 တိုက်လေယာဉ်တွေပေးအပ်နိုင်ဖို့ မဟာမိတ်အဖွဲ့ ဖွဲ့စည်းထားပြီး ယူကရိန်းရဲ့ အနာဂတ်မှာ ခေတ်မီလေတပ်တစ်ခုရှိစေဖို့အတွက် ကျွန်တော်တို့အတူတူလုပ်ဆောင်နေပါတယ်။ ကမ္ဘာ့ထိပ်တန်းတော်ဝင်လေတပ်မှာ လေ့ကျင့်သင်ကြားပေးမှုတွေက ယူကရိန်းရဲ့ လက်ရှိဆိုဗီယက်ခေတ်စွမ်းရည်တွေကနေ သိသာထင်ရှားတဲ့ ပြောင်းလဲတိုးတက်လာမှုတွေလဲဖြစ်ပါတယ်"ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံဦးဆောင်သော F-16 တိုက်လေယာဉ်သင်တန်း ပြီးဆုံးသည်နှင့် ယူကရိန်းလေယာဉ်မှူးများသည် အခြားသော ဥရောပနိုင်ငံမှ အဆင့်မြင့်ပျံသန်းရေးသင်တန်းကို ဆက်လက်တက်ရောက်ရဦးမည်ဖြစ်သည်။ F-16 တိုက်လေယာဉ်ကိုသာ လေ့ကျင့်ပေးရခြင်းအကြောင်းရင်းမှာ ယူကရိန်းနိုင်ငံသည် ရေတပ်ဆိုင်ရာ လေကြောင်းတပ်ဖွဲ့ မရှိသည့်အတွက်ဖြစ်ပြီး ၎င်း၏ အနာဂတ်လေတပ်ကို ဖွံ့ဖြိုးတိုးတက်ရန် ရွေးချယ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

လေယာဉ်မှူးများနှင့်အတူ လန်ဒန်၏ F-16 လေ့ကျင့်သင်တန်းပေးမှုသည် ယူကရိန်းလေကြောင်းဆိုင်ရာ နည်းပညာရှင်များကို အင်္ဂလိပ်ဘာသာစကား လေ့ကျင့်မှုဖြင့် ပံ့ပိုးပေးခြင်းဖြစ်သည်။ အလုံးစုံအော်ပရေတာနှင့် မြေပြင်လေယာဉ်အမှုထမ်းသင်တန်းကို ၂၀၂၄ ခုနှစ်ထိ ဆက်လက်သင်ကြားလေ့ကျင့်ပေးရဦးမည်ဖြစ်သည်။ ယူကရိန်းကာကွယ်ရေးဝန်ကြီး Rustem Umerov က ယူကရိန်းတွင် F-16 တိုက်လေယာဉ်များလည်ပတ်ရန် ပြင်ဆင်ရာ ယူကရိန်းနှင့် အခြားလုပ်ဖော်ကိုင်ဖက်များက ပံ့ပိုးပေးနေသည့် လေသူရဲသင်တန်းကို တန်ဖိုးထားကြောင်း မှတ်ချက်ပြု ပြောကြားသွားခဲ့သည်။

**Ukrainian Pilots Start British-Led F-16 Training in Denmark ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ယခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလတတိယပတ်ထိ နိုင်ငံတကာခရီးသွားဦးရေ ၅၅၀၀ ကျော် လာရောက်လည်ပတ်ခဲ့



**ညောင်ဦး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ယခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလတတိယပတ်ထိ ပြည်ပနိုင်ငံပေါင်း ၅၇ နိုင်ငံမှ နိုင်ငံတကာခရီးသွားဦးရေ ၅၅၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောပြ၍ သိရသည်။

ထိုသို့ နိုင်ငံတကာခရီးသွားများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်ခဲ့ရာတွင် အများဆုံးလာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားများမှာ ထိုင်းနိုင်ငံမှဖြစ်ပြီး ယခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလတတိယပတ်ထိ ခရီးသွားဦးရေ ၂၃၀၀ ကျော်ဖြစ်ပြီး ဒုတိယအများဆုံး လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားများမှာ ရုရှားနိုင်ငံမှဖြစ်ပြီး အဆိုပါကာလအတွင်း ခရီးသွားဦးရေ ၄၀၀ ကျော် လာရောက်လည်ပတ်ထားကြောင်း သိရသည်။

"ဒီနှစ် ဇန်နဝါရီလကနေ ဒီဇင်ဘာလတတိယပတ်ထိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ဝင်ရောက်လည်ပတ်တဲ့ နိုင်ငံတကာခရီးသွား အရေအတွက်ကတော့ အယောက် ၅၅၀၀ ကျော်ဖြစ်ပါတယ်။ အများဆုံးလာရောက်လည်ပတ်တာတော့ ထိုင်းနိုင်ငံကဖြစ်ပါတယ်။ ဒုတိယအများဆုံးကတော့ ရုရှားနိုင်ငံကဖြစ်ပြီး တတိယအများဆုံး လာရောက်လည်ပတ်ထားတဲ့ နိုင်ငံကတော့ ဗီယက်နမ်နိုင်ငံကဖြစ်ပါတယ်။ အမေရိကန်နိုင်ငံ၊ ဥရောပ၊ အာရှနဲ့ အာဆီယံဒေသတွင်းက နိုင်ငံတွေကလဲ လေးငါးယောက်လောက် လာရောက်တာတွေလဲရှိပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောပြသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းခရီးသွားများလည်း ခရီးသွားရာသီသာမက လစဉ်လာရောက်လည်ပတ်လျက်ရှိပြီး အများပြည်သူ ပိတ်ရက်ရှည်များရှိသည့်ရက်များတွင် ပြည်တွင်းခရီးသွားများ ဝင်ရောက်မှုပုံမှန်ထက် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။ ASH

# မိုင်းပန်မြို့၌ လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲ ကျင်းပ

**မိုင်းပန် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပထမအကြိမ် လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက မိုင်းပန်မြို့ အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ကျေးလက်နေပြည်သူများ၏ မိသားစုတစ်ဦးချင်းအလိုက် အသက်မွေးဝမ်းကျောင်းအတတ်ပညာဖြင့် ဝင်ငွေတိုးပွားလာစေရန်၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်၊ ကိုယ်ပိုင်ဝင်ငွေရရှိနိုင်ရေး အလုပ်အကိုင်နှင့်အခွင့်အလမ်းများဖန်တီးပေးရန်ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်း ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ သင်တန်းဆင်း သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပေးသော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချစေလိုကြောင်းနှင့် လက်သမား၊ ပန်းရန်ဆိုင်ရာပညာများကို မိမိတို့ကျေးရွာတွင် လက်တွေ့အသုံးချ၍ မိသားစုဝင်ငွေတိုးပွားအောင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းနုနှင့် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းတို့က သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး လက်တွေ့နယ်ပယ်တွင် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လွှ၊ တူ၊ ပေကြိုးဘူး၊ သံလက် စသည့်ပစ္စည်းများ ပံ့ပိုးပေးသည်။



အဆိုပါသင်တန်းသို့ မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက လက်သမား၊ ပန်းရန်ဆိုင်ရာ သင်ခန်းစာဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် ဒီဇင်ဘာ ၁၅ ရက်မှ ယနေ့ထိ ၁၅ ရက်ကြာ အခမဲ့ သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ လမ်း၊ တံတားလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမင်းကျော်နှင့်တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၃၂ ဒသမ ၇ သန်းဖြင့်ဆောင်ရွက်သည့် မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသခဲ့သည်။

မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာတွင် လမ်းအရှည် တစ်မိုင်နှင့်ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းမြေသားတာပေါင်တင်ခြင်းနှင့် သဲကျောက်ခင်းခြင်း၊ အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အရှည် ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၃ ပေ ခြောက်လက်မရှိ RC ကမ်းကပ်ခုံ သံပေါင်တင်သစ်သားကြမ်းခင်း တံတားနှစ်စင်း၊ အကျယ် ၃ ဒသမ ၅ ပေ၊ အရှည် ၂၄ ပေရှိ Pipe Culvert သုံးစင်း၊ အရှည် ၂၄ ပေ၊ အကျယ် ခြောက်ပေ သုံးလက်မ၊ အမြင့် ခြောက်ပေ သုံးလက်မရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းကို မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဧပြီ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၉-၁၂-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ငွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၀၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



## လွတ်လပ်ရေးကိုလိုချင်ရင်

လွတ်လပ်ရေးကိုလိုချင်ရင်၊ လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းရှိကြပါ။ လွတ်လပ်ရေးကိုလိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကိုထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကိုလိုချင်ရင်လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကိုလုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကိုလွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကိုပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော်ကနေ့ပြောခဲ့ချင်တယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် မြို့တော်ခန်းမကြီး၌ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်)

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပညာရေးဝန်ကြီးဌာန၏ (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပရေးနှင့် ပညာရေးဝန်ကြီးဌာန၏ (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံ အောင်မြင်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့်ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဈေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လာမည့်မတ်လတွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံတော်အဆင့်ကျင်းပသည့် စာမေးပွဲဖြစ်ပြီး KG+12 စနစ်သစ်ပညာရေး၏ ပထမဦးဆုံး တက္ကသိုလ်ဝင်စာမေးပွဲဖြစ်၍ စနစ်တကျ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍရှိ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများအနေဖြင့် ကျရာတာဝန်များကို ညီညီညွတ်ညွတ်လက်တွဲ၍ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍနှင့် စပ်လျဉ်း၍ တက္ကသိုလ်များ၏ အရည်အသွေးရှိသော ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု သုတေသနစာတမ်းများသည် နိုင်ငံအတွက် အလွန်တန်ဖိုးကြီးမားပါကြောင်း၊ သုတေသနလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ပါမောက္ခချုပ်များအနေဖြင့် လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင်ကျင်းပမည့် ပညာရေးဝန်ကြီးဌာန၏ (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စာစစ်ဌာနများ အဆင်ပြေချောမွေ့စွာ ဖြေဆိုဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပြခန်းများပြသမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး MSME အထောက်အကူပြု သုတေသနများကို အလေးထားဆောင်ရွက်ရေး တိုက်တွန်းပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းတို့က လိုအပ်သည်များကို အကြံပြုဆွေးနွေးပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ညောင်ဦးမြို့ ဘက်စုံသုံး မြို့နယ်ခန်းမအဆောက်အအုံသစ် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**

ညောင်ဦးခရိုင် ညောင်ဦးမြို့ ဘက်စုံသုံး မြို့နယ်ခန်းမ အဆောက်အအုံသစ် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)နှင့် (မန္တလေးဌာနခွဲ)တို့မှ ညွှန်ကြားရေးမှူးများ၊ အဆောက်အအုံဦးစီးဌာန အထူးအဖွဲ့(၇)နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသသည် နိုင်ငံတကာကအထူးစိတ်ဝင်စားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်ပြီး နိုင်ငံတော်က ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းများ၊ ကာကွယ်စောင့်ရှောက်ခြင်းများကို အလေးထားဆောင်ရွက်နေပါကြောင်း၊ တစ်ဖက်တွင်လည်း ပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီဖော်ဆောင်နေပါကြောင်း၊ ယခုအကောင်အထည်ဖော်တည်ဆောက်မည့် ဘက်စုံသုံးမြို့နယ်ခန်းမသည် ပုဂံဒေသအတွက်များစွာ အထောက်အပံ့ဖြစ်မည်ဖြစ်ပါကြောင်း၊ ပုဂံဒေသနှင့်ကိုက်ညီသည့် အဆောက်အအုံပုံစံဖြစ်ပြီး လူဦးရေ ၅၀၀ ဝင်ဆံ့သည့် ဘက်စုံသုံးခန်းမအဖြစ် ဆောက်လုပ်ရန်လျာထားပါကြောင်း၊ UNISCO၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့၏ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်း၊ (မန္တလေးဌာနခွဲ)ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အထူးအဖွဲ့(၇) ဒုတိယညွှန်ကြားရေးမှူး ဦးလှမိုးဇော်တို့က ဘက်စုံသုံး မြို့နယ်ခန်းမအဆောက်အအုံ ဆောက်လုပ်မည့် အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမွေအနှစ်ထိခိုက်နိုင်မှု ဆန်းစစ်ချက် (Heritage Impact Assessment, HIA) စိစစ်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအိရွှေစင်မြင့်က HIA အဖွဲ့၏ ဆောင်ရွက်မှုအခြေအနေတွေ့ရှိချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မွေးကင်းစမှ တစ်နှစ်ခြောက်လထိ ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင် မွေးကင်းစမှ တစ်နှစ်ခြောက်လထိ ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး နေမှုကို ကြည့်ရှု အားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ အသက်မွေးကင်းစမှ တစ်နှစ်ခြောက်လထိ ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင်နှင့် အဖွဲ့ဝင်များ၊ တပ်ရင်း၊ တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက်တစ်နှစ်ခြောက်လထိ ကလေးငယ်များနှင့် မိသားစုဝင်များ၊ နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ တက်ရောက်ကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများနှင့် ဆေးမှူးများက မန္တလေးတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက်တစ်နှစ်ခြောက်လထိ ကလေးငယ် ၂၃၇ ဦးတို့ကို ဝက်သက်၊ ဂျိုက်သိုး၊ BCG၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးနှင့် ပိုလီယိုကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် လက်ဆောင်များနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာ

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များကို ငါးနှစ်သက်တမ်းခွင့်ပြုပေးခဲ့သည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်သည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၁၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ဆက်သွယ်မေးမြန်းနိုင်သည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၅၄/၂၀၂၃)**
၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်)

**ပြည်သူ့ပါတီ(People's Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းမ မဟာဗန္ဓုလအိမ်ရာ အမှတ်(၆၂) တိုက် (ဒီ) ကိုးလွှာ အခန်း(၉၀၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့ပါတီ (People's Party)** ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့ပါတီ(People's Party)** ၏ မှတ်ပုံတင်အမှတ်မှာ (၅၇ )ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၂-၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၁ သင်းဖြင့် ဒီဇင်ဘာ ၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# သတိပေးနှိုးဆော်ချက်

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် (ဝတ်စုံပြည့်)အစမ်းလေ့ကျင့်မည့် ဇန်နဝါရီ ၂ ရက်နှင့် အခမ်းအနားကျင်းပမည့် ဇန်နဝါရီ ၄ ရက်တို့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများကို နံနက် ၂ နာရီမှ ၈ နာရီထိ ခေတ္တလမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ဇေယျာဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ဒေသတစ်ခုတည်းအတွက်သာမက တစ်နိုင်ငံလုံးကို ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးမယ့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း

**ထက်မြတ်**



**❖ ကျောက်ဖြူရေနက်ဆိပ်ကမ်းအပါအဝင် အထူးစီးပွားရေးဇုန်ကိုတည်ဆောက်ပြီးစီးသွားပါက တစ်နှစ်လျှင်ကုန်သေတ္တာအလုံးရေ ခုနစ်သန်းခန့် လက်ခံထားနိုင်မည်ဖြစ်သောကြောင့် ဒေသတွင်းကုန်သွယ်ရေးအတွက်သာမက ကမ္ဘာ့ကုန်သွယ်ရေးအတွက်ပါ အချက်အချာကျသည့်နေရာဖြစ်လာမည်ဖြစ်သည်။**

**❖ ဒေသတစ်ခုတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ပါက ထိုလုပ်ငန်းမှရရှိသည့် အကျိုးကျေးဇူးများကို အရင်ဆုံးရရှိသူများမှာ ဒေသခံပြည်သူများပင်ဖြစ်သည်။**

**❖ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံအတွက် ပထမဆုံးသောရေနက်ဆိပ်ကမ်းဖြစ်လာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်တကွ အထူးစီးပွားရေးဇုန်နှင့် စက်မှုဥယျာဉ်စီမံကိန်းကြီးကတော့ မကြာမီအကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်။**

ရှေးယခင်တုန်းက မြို့တစ်မြို့တည်မည်ဆိုလျှင် မြစ်နီး၊ ချောင်းနီးသည့် နေရာကိုရှာဖွေကြလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် မြစ်နီး၊ ချောင်းနီးပါက သွားရေးလာရေးနှင့်ကုန်သန်းရောင်းဝယ်ရေးအဆင်ပြေစေသောကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် သဘာဝအရင်းအမြစ်အနေဖြင့် ကမ်းရိုးတန်းတည်ရှိပြီး စနစ်တကျအသုံးပြုတတ်သောနိုင်ငံမှန်လျှင် ချမ်းသာကြွယ်ဝစမြဲဖြစ်သည်။

မြန်မာနိုင်ငံဆိုတာ သဘာဝအရင်းအမြစ်များနှင့်ပြည့်စုံနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟုပြောနိုင်သည်။ မြန်မာနိုင်ငံမြေပုံကိုကြည့်လျှင် နယ်နိမိတ်စုစုပေါင်းအနက် အရှည် ၂၂၂၈ ကီလိုမီတာမှာ ပင်လယ်နှင့်ထိစပ်နေသည့်ကမ်းရိုးတန်းများသာ ဖြစ်သည်။

ကမ်းရိုးတန်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအရေးပါသော နေရာတစ်ခုဖြစ်သောကြောင့် ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်လေလေ နိုင်ငံ၏စီးပွားရေး တိုးတက်လေလေဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းများရှိသည့်အလျောက် ဆိပ်ကမ်းများစွာလည်းရှိသည်။ နိုင်ငံတော်၏ပို့ကုန်/သွင်းကုန် ၈၅ ရာခိုင်နှုန်းကျော်ကို ကိုင်တွယ်ပေးလျက်ရှိသော အဓိကဆိပ်ကမ်းမှာ ရန်ကုန်ဆိပ်ကမ်းဖြစ်သည်။

သို့သော် ရန်ကုန်ဆိပ်ကမ်းသည် တန်ချိန် ၁၅၀၀၀၊ သင်္ဘောအလျား ၁၆၇ မီတာနှင့် ရေစူးအနက် ၉ မီတာရှိသော သင်္ဘောများကိုသာ လက်ခံနိုင်သည်။ တခြားသောဆိပ်ကမ်းများမှာလည်း ရန်ကုန်ဆိပ်ကမ်းနည်းတူ မြစ်တွင်းဆိပ်ကမ်းများအဖြစ်သာ တည်ရှိနေသည်။

ယနေ့တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ကြည့်လျှင် ပင်လယ်ရေကြောင်းမှ ပို့ကုန်/သွင်းကုန်ပမာဏ အလွန်များပြားလာသည်။ ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများမှာလည်း အရွယ်အစားပိုမိုကြီးမားလာကာ ရေစူးအနက်လည်း ပိုမိုများပြားလာသည်။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် ယခုထက်ပိုပြီး ပို့ကုန်/သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်လိုပါက ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများဆိုက်ကပ်နိုင်မည့် ရေနက်ဆိပ်ကမ်းများမဖြစ်မနေလိုအပ်မည်မှာ အမှန်ပင်ဖြစ်သည်။

ဤအချက်ကိုမြန်မာနိုင်ငံရှိခေါင်းဆောင်အစဉ်အဆက်က သဘောတူလက်ခံသည့်အလျောက် ရေနက်ဆိပ်ကမ်းများကိုအကောင်အထည်ဖော်ရန် ရည်ရွယ်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ကိုတွေ့ရသည်။

ထိုသို့အကောင်အထည်ဖော်နိုင်ရေးအတွက် သင့်လျော်သောနေရာကို ရှာဖွေရာ နှစ်နေရာကိုတွေ့ရှိရသည်။ ယင်းနေရာများမှာ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူဒေသနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်ဒေသတို့ဖြစ်သည်။

နိုင်ငံတော်၏ကောင်းကျိုးကိုလိုလားသော အစိုးရခေါင်းဆောင်များက ထိုနေရာများကို ရေနက်ဆိပ်ကမ်းသီးသန့်တည်ဆောက်ရန်အတွက်သာမကဘဲ အထူးစီးပွားရေးဇုန်များအဖြစ် အကောင်အထည်ဖော်ရန်စဉ်းစားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန်တစ်ခုထူထောင်ရာတွင် ပြည်တွင်းမှစီးပွားရေးလုပ်ငန်းရှင်များ၏အားထက်ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာများကို အဓိကအားထားရသည်။ ပြည်တွင်းမှပညာရှင်များက ပြည်ပမှပညာရှင်များနှင့်ပူးပေါင်းခွင့်ရသောကြောင့် အတွေ့အကြုံကောင်းများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာအစိုးရက ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်ထူထောင်ရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ပွင့်လင်းစွာဖိတ်ခေါ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအနက်မှ တရုတ်နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သည့် CITIC အုပ်စုက စီမံကိန်းကို အကောင်အထည်ဖော်မည့် ရင်းနှီးမြှုပ်နှံသူအဖြစ် ၂၀၁၅ ခုနှစ်တွင်ရွေးချယ်ခံရသည်။

စီမံကိန်းအတွက် အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သော သဘောတူစာချုပ် (Shareholders' Agreement) နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement) တို့ကို ၂၀၂၀ ပြည့်နှစ်တွင် ချုပ်ဆိုနိုင်ခဲ့သည်။

မူလက ထိုစာချုပ်များချုပ်ဆိုပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ရန်ဖြစ်သော်လည်း ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့်သာမက နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရခြင်းတို့ကြောင့် စီမံကိန်းစတင်ရန် နှစ်နှစ်ကျော်နှောင့်နှေးခဲ့ရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှာတော့ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းကို ဆောလျင်စွာ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေဖို့အတွက် ယခင်လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ်ကို ပိုမိုပြည့်စုံစေရန်နှင့် ပိုမိုရှင်းလင်းတိကျစွာ နားလည်သဘောပေါက်ရန်လိုအပ်သောကြောင့် ယင်းနှင့်ဆက်စပ်နေသည့် နောက်ဆက်တွဲစာချုပ်ကို ချုပ်ဆိုလိုက်နိုင်ပြီဖြစ်သည်။

ထို့ကြောင့် လေ့လာဆန်းစစ်မှုများပြီးစီးသည့်နောက်ပိုင်း မကြာခင်အချိန် အတွင်းမှာ ကျောက်ဖြူရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများကို စတင်နိုင်တော့မည်ဖြစ်သည်။ စီမံကိန်းစတင်ဆောင်ရွက်ပြီဆိုသည်နှင့် ထိုအကျိုးကျေးဇူးကို စတင်ရရှိမည့်သူများမှာ ဒေသခံပြည်သူများသာဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တည်ဆောက်ရေးစီမံကိန်းဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာမည်ဖြစ်သောကြောင့်ဖြစ်သည်။ စီမံကိန်းပြီးစီးသွားပြီဆိုလျှင်တော့ ထိုမှရရှိသည့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူများသာမက တစ်နိုင်ငံလုံးမှာရှိသည့် ပြည်သူများအားလုံး ရရှိစံစားရမည်သာဖြစ်သည်။

အခုဆက်ပြီး ပထဝီအနေအထားအရ ကျောက်ဖြူရေနက်ဆိပ်ကမ်းတည်ရှိမှုကြောင့် ရရှိလာနိုင်သည့် အကျိုးဆက်များကိုတင်ပြပါမည်။ ကမ္ဘာ့ကုန်သွယ်ရေးတွင် အသုံးပြုမှု အများဆုံးလမ်းကြောင်းမှာ ရေလမ်းကြောင်းဖြစ်သည်ဟု တင်ပြခဲ့ပြီးဖြစ်သည်။

ကုန်တင်သင်္ဘောကြီးများဖြင့်တင်၍ ရေလမ်းကြောင်းမှသယ်ယူခြင်းသည် ကုန်ကျစရိတ် အလွန်သက်သာသည်။ လေကြောင်းလိုင်းထက်စာလျှင် ရေလမ်းကြောင်းမှသယ်ယူခြင်းက အချိန်အနည်းငယ်ပိုပေးရသော်လည်း ပစ္စည်းပမာဏအများအပြားကို တစ်ချိန်တည်းတစ်ပြိုင်တည်းပို့ဆောင်နိုင်ခြင်းကြောင့် တွက်ခြေကိုက်သည့် ပို့ဆောင်ရေးနည်းလမ်းဖြစ်သည်။

ကမ္ဘာ့မြေပုံကိုရှေ့မှာချပြီးကြည့်ပါက ကမ္ဘာ့အရှေ့ခြမ်းမှကမ္ဘာ့အနောက်ခြမ်းသို့ ကုန်ပစ္စည်းများတင်ပို့မှုအတွက် အသုံးပြုနေသည့်ပင်လယ်ရေလမ်းကြောင်းများကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုလမ်းကြောင်းတစ်လျှောက်တွင် ရေနက်ဆိပ်ကမ်းကြီးများရှိသည်။

အရွယ်အစားသေးငယ်လှပါသည်ဆိုသော စင်ကာပူနိုင်ငံပင်လျှင် ရေနက်ဆိပ်ကမ်းကြီးနှစ်ခုကို ပိုင်ဆိုင်ထားသည့်အတွက် ကုန်သွယ်ရေးဗဟိုချက်လိုဖြစ်နေသည်။ မကြာမီ စင်ကာပူနိုင်ငံက ကမ္ဘာ့အကြီးဆုံးရေနက်ဆိပ်ကမ်းနောက်တစ်ခုကို ပိုင်ဆိုင်တော့မည်ဖြစ်သည်။

တချို့သောသင်္ဘောများသည် ကုန်စည်ကူးသန်းတင်ပို့ရာတွင် မလိုအပ်ဘဲပတ်သွားနေရသည့်အတွက် စက်သုံးဆီပိုသုံးရသလို ကုန်ကျစရိတ်လည်း ပိုမိုကျသင့်နေရသည်။ အကယ်၍များ မြန်မာနိုင်ငံမှာ ရေနက်ဆိပ်ကမ်းများတည်ဆောက်ပြီး ကုန်သွယ်ရေးဗဟိုချက်အဖြစ် ဖန်တီးနိုင်မည်ဆိုလျှင် ဘယ်လောက် **စာမျက်နှာ ၂၁ သို့**

# တိုက်ကြီးမြို့နယ်နှင့် သုံးခွမြို့နယ်တို့ရှိ ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အောက်ရေကန်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်လေးပါးနှင့် ဒေသခံပြည်သူ ၉၂ ဦးတို့ကို လှည်းကူးကျောင်းတိုက်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အဇနီးတောစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၂၂၉ ဦးတို့ကို သဲကုန်းကျောင်းတိုက်၌လည်းကောင်း အသီးသီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးအဖွဲ့များက သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ တီဗီဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ ဆီးချိုသွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

# မြောက်ဦးမြို့ မြောင်းဘွေကျေးရွာအနီးဝန်းကျင်နှင့် ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာကို တပ်မတော်မှ လေကြောင်းနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အရပ်သားများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိဟု ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေလျက်ရှိ







**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာအနီး ပတ်ဝန်းကျင်ကို ဒီဇင်ဘာ ၂၈ ရက်တွင် တပ်မတော်က လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် အရပ်သား ငါးဦးသေဆုံးပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် RFA က ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာပေါ် တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ AA သောင်းကျန်းသူအဖွဲ့သည် မြောင်းဘွေရဲစခန်းနေရာကို Drone များအသုံးပြု၍ အဝေးမှလာရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက Drone Gun များဖြင့် တန်ပြန်အသုံးပြုတိုက်ခိုက်ခဲ့မှုကြောင့်၎င်းတို့၏ Drop ဗုံးသီးများ ဝန်းကျင်ကျေးရွာများအနီးကျရောက်ပေါက်ကွဲခြင်းများရှိကြောင်းနှင့် တပ်မတော်က ၎င်းရက်တွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခြင်းမရှိကြောင်း သိရသည်။

အလားတူ ရခိုင်ပြည်နယ်ဘူးသီးတောင်မြို့နယ်ရှိကျေးရွာ နှစ်ရွာကို ဒီဇင်ဘာ ၂၈ ရက် ညပိုင်းတွင် တပ်မတော်ကလက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူ ငါးဦးသေဆုံးပြီး ကလေးငယ်နှစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာပေါ် တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ ဘူးသီးတောင်မြို့နယ်အတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို AA သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရှိရပြီး အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျေးရွာများအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိကြောင်း သိရသည်။

အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများအနေဖြင့် AA သောင်းကျန်းသူအဖွဲ့၏ လုပ်ရပ်များကိုဖုံးကွယ်ပေးရန်၊ နိုင်ငံတကာစာမျက်နှာများတွင် တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများက တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်တစ်ဖက်သတ်စွပ်စွဲကာ သတင်းမှားများလုပ်ကြံဖန်တီးရေးသား ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာအုပ်စုရှိ ဘုန်းကြီးကျောင်းပိုင် ငွေကျပ် ၁၇ သိန်းနှင့် ဖုန်းတစ်လုံးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မလာယူသွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာအုပ်စုရှိ လင်းရောင်ခြည်ဘုန်းကြီးကျောင်းသို့ ဒီဇင်ဘာ ၂၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လာရောက်ပြီး ကျောင်းပိုင်ငွေကျပ် ၁၇ သိန်းနှင့် ဖုန်းတစ်လုံးအပါအဝင် စားသောက်စရာအချို့ကို အဓမ္မယူဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာအုပ်စုရှိ လင်းရောင်ခြည် ဘုန်းကြီးကျောင်းကို ဒီဇင်ဘာ ၂၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၂၀မှအဆက်**

တောင်ကောင်းလိမ့်မလဲဟု ကျွန်တော့်အနေဖြင့် ယခင်တုန်းက တွေးမိသည်အထိပင်ဖြစ်သည်။ အခုတော့ ကျွန်တော်တွေးထင်ထားသည့်စီမံကိန်းကြီးက အကောင်အထည်ပေါ် လာတော့မည်ဖြစ်သည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းအပါအဝင် အထူးစီးပွားရေးဇုန်ကို တည်ဆောက်ပြီးစီးသွားပါက တစ်နှစ်လျှင်ကုန်သေတ္တာ အလုံးရေ ခုနစ်သန်းခန့် လက်ခံထားနိုင်မည်ဖြစ်သောကြောင့် ဒေသတွင်းကုန်သွယ်ရေးအတွက်သာမက ကမ္ဘာ့ကုန်သွယ်ရေးအတွက်ပါ အချက်အချာကျသည့်နေရာဖြစ်လာမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ကမ္ဘာတစ်ဝန်းတွင်အသုံးပြုနေသည့် ကုန်ပစ္စည်းအများစုကို တရုတ်နိုင်ငံက ထုတ်လုပ်တင်ပို့နေရသောကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံက ကုန်ပစ္စည်းများတင်ပို့ရာတွင် ဝေးလံသောရေလမ်းကြောင်းများ၊ ကုန်ကျစရိတ်ကြီးမြင့်သော ကုန်းလမ်းကြောင်းများနှင့် လေကြောင်းလိုင်းများကိုအသုံးပြုနေရသည်။

တရုတ်နိုင်ငံအနေဖြင့် သူတို့၏ကုန်ပစ္စည်းများကို မြန်မာနိုင်ငံထဲမှ ဖြတ်သန်းကာ ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတစ်ဆင့် ကမ္ဘာတစ်ဝန်းသို့တင်ပို့မည်ဆိုလျှင် ကုန်ကျစရိတ်အလွန်သက်သာသွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံမှထွက်ရှိသည့် ကုန်ပစ္စည်းများကိုလည်း ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတစ်ဆင့် တင်ပို့နိုင်ဦးမည်ဖြစ်သည့်အတွက် မိမိတို့၏ ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်မည်ဖြစ်သည်။

တစ်ဖက်တွင် ကုန်ပစ္စည်းများကို ဖြတ်သန်းခွင့်ပြုမှုအတွက် ဝင်ငွေများရရှိမည်ဖြစ်သလို အခြားတစ်ဖက်တွင် မိမိတို့၏ ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်းစီးပွားရေးတိုးတက်မှုများ ရှိလာမည်ဖြစ်သည်။

ထို့ပြင် ပြည်ပမှသွင်းကုန်များကို တင်သွင်းရာတွင် အခြားနိုင်ငံများ၏ ဆိပ်ကမ်းများကို အားကိုးစရာမလိုတော့သောကြောင့် ပြည်သူများအနေဖြင့် ကုန်ကျစရိတ်သက်သာသွားမည်ဖြစ်သည်။

ထို့ကြောင့် ပြန်ကြည့်မည်ဆိုလျှင် ရေနက်ဆိပ်ကမ်းတစ်ခုတည်ဆောက်မှုက များစွာသော အကျိုးကျေးဇူးများကိုရရှိဖြစ်ထွန်းစေကြောင်းတွေ့ရမည်ဖြစ်သည်။ ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါကလည်း မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် မျက်နှာပန်းလှသည့် နိုင်ငံဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံကြီးနှင့်တကွ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများကို မဖွံ့ဖြိုးမတိုးတက်စေလိုသောလူတစ်စုကလည်း သက်သက်ကိုရှိသည်။ ထိုသူတွေကတော့ မြန်မာနိုင်ငံကောင်းစားရေးအတွက် အစိုးရနှင့်ပြည်သူလက်တွဲလုပ်ဆောင်မှုမှန်သမျှကို မကောင်းပြောဖို့အသင့်စောင့်နေသည်။


တချို့ကလည်း သွေးခွဲစကားဆိုသေးသည်။ ကျောက်ဖြူရေနက်စီမံကိန်းမှ အကျိုးအမြတ်များကို ဒေသခံပြည်သူများ မရရှိဘဲ နစ်နာမှုများသာရှိမည်ဟုဆိုကြခြင်းဖြစ်သည်။ ဒီကိစ္စကဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ အားလုံးအသိပင်ဖြစ်သည်။

ဒေသတစ်ခုတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ပါက ထိုလုပ်ငန်းမှရရှိသည့်အကျိုးကျေးဇူးများကို အရင်ဆုံးရရှိသူများမှာ ဒေသခံပြည်သူများပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံအတွက် ပထမဆုံးသောရေနက်ဆိပ်ကမ်းဖြစ်လာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်တကွ အထူးစီးပွားရေးဇုန်နှင့် စက်မှုဥယျာဉ်စီမံကိန်းကြီးကတော့ မကြာမီအကောင်အထည်ပေါ် လာတော့မည်ဖြစ်သည်။

စီမံကိန်းကြီးပြီးစီးသွားမှသာမဟုတ်ဘဲ စီမံကိန်းစတင်ပါပြီဆိုကတည်းက ဒေသခံပြည်သူများအတွက်သာမက နိုင်ငံတော်တစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြသော နိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် များစွာသောဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်တော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ကြောင်း ဂုဏ်ယူစွာရေးသားတင်ပြလိုက်ရပါသည်။ ။

# ကွာဇူလူ-နာတယ်လ်ပြည်နယ်တွင် ရေကြီးရေလျှံမှုနှင့်မြေပြိုကျမှုကြောင့် ဒေသခံ ၁၁ ဦး ပျောက်ဆုံးနေ



**ပရီတိုးရီးယား ဒီဇင်ဘာ ၂၉**

တောင်အာဖရိကနိုင်ငံ ကွာဇူလူ-နာတယ်လ်ပြည်နယ်တွင် ဒီဇင်ဘာ ၂၈ ရက်က ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဒေသခံ ၁၁ ဦး ပျောက်ဆုံးနေကြောင်း ကွာဇူလူ-နာတယ်လ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကွာဇူလူ-နာတယ်လ်ပြည်နယ် လေဒီစမစ်မြို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ပျောက်ဆုံးနေသူ ၁၁ ဦးတွင် အသက်ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးပါဝင်နေကာ ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"လေဒီစမစ်မြို့မှာ ပြည်သူတော်တော်များများ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်ခဲ့ရသလို မြေပြိုကျမှုကြောင့်လဲ နေအိမ်တော်တော်များများ ပျက်စီးခဲ့ပါတယ်။ အခြေခံ အဆောက်အအုံတွေလဲ ပျက်စီးခဲ့တယ်။ အဓိကကတော့ လမ်းမကြီးတွေ ပျက်စီးသွားခဲ့တဲ့အတွက်ကြောင့် ဆက်သွယ်သွားလာရေးအခက်အခဲတွေဖြစ်ပေါ်နေပါတယ်။ ရေဘေးအန္တရာယ်နဲ့ လမ်းမကြီးတွေ ပျက်စီးပြိုကျမှုကြောင့် ပျောက်ဆုံးနေတဲ့ပြည်သူတွေရဲ့ မိသားစုဝင်တွေနဲ့ အဓိကတွေ့ဆုံခဲ့ပါတယ်။ ပျောက်ဆုံးနေသူတွေကို အမြန်ဆုံးပြန်လည်ရှာဖွေတွေ့ရှိနိုင်ဖို့အတွက်လဲ ကယ်ဆယ်ရေးဝန်ထမ်းတွေကို စေလွှတ်ထားတဲ့အကြောင်းနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အမြန်ဆုံးဆောင်ရွက်ပေးသွားဖို့ ကတိပေးပြောကြားခဲ့ပါတယ်"ဟု ကွာဇူလူ-နာတယ်လ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဘွန်ဂီဇီက ပြောကြားခဲ့သည်။

ကွာဇူလူ-နာတယ်လ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှပြောရေးဆိုခွင့်ရှိသူ ဘွန်ဂီဇီ ဦးဆောင်သော အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများက ဒေသခံပြည်သူများဖြင့် တွေ့ဆုံခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း ကတိပြုပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# မန်ချက်စတာမြို့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံ ၁၀၀ ခန့်ပျက်စီး

**လန်ဒန် ဒီဇင်ဘာ ၂၉**

အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် ဒီဇင်ဘာ ၂၈ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံနှင့် အများပြည်သူပိုင်အဆောက်အအုံ စုစုပေါင်း ၁၀၀ ခန့်ပျက်စီးခဲ့ကြောင်း မန်ချက်စတာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေဆင်နှာမောင်းကြောင့် နေအိမ်နှင့် လူနေတိုက်ခန်းတချို့ အသေးစားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လေဆင်နှာမောင်းကြောင့် ဗြိတိန်လေကြောင်းလိုင်း ခရီးစဉ် ၂၀ ခန့်ထိ ယာယီရပ်ဆိုင်းခဲ့ရပြီး အများစုမှာ ဟီသရိုးလေဆိပ်မှဖြစ်ကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် မန်ချက်စတာဒေသခံများအား ခရီးသွားလာခြင်းကို တားမြစ်ထားပြီး အခြေအနေတည်ငြိမ်သွားမှသာ ခရီးသွားလာမှုပြုလုပ်ရန်လည်း မန်ချက်စတာ အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ကြောင်း သိရသည်။

"အားကောင်းတဲ့ လေဆင်နှာမောင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့ပါတယ်။ နေအိမ်တချို့နဲ့လူနေတိုက်ခန်းတချို့လဲ အသေးစားပျက်စီးမှုတွေရှိခဲ့ပါတယ်။ အဓိကပျက်စီးခဲ့တဲ့ အခြေခံအဆောက်အအုံတွေကိုတော့ ဒေသခံပြည်သူတွေကို အသုံးပြုခွင့်မပြုသေးပါဘူး။ တာဝန်ခံအင်ဂျင်နီယာတွေက လိုအပ်တဲ့ စစ်ဆေးမှုတွေပြုလုပ်ပြီး စိတ်ချရတဲ့အနေအထားမှာရှိနေမှ အသုံးပြုခွင့်ပြုသွားမှာဖြစ်ပါတယ်"ဟု မန်ချက်စတာမြို့ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



လေဆင်နှာမောင်းသည် မန်ချက်စတာမြို့ရှိ စတာလေတံတားအနီး တစ်ဝိုက်ကို ဗဟိုပြုဖြတ်သန်းတိုက်ခတ်ခဲ့ပြီး ၎င်းဧရိယာအနီးမှဒေသခံများကို နေအိမ်အတွင်း၌သာနေထိုင်သွားရန်လည်း မန်ချက်စတာ အာဏာပိုင်အဖွဲ့အစည်းက အရေးပေါ်သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# တူရကီနိုင်ငံတွင် မိုးခေါင်မှုကြောင့် ရေပမာဏကျဆင်းခဲ့သော ရေလှောင်တမံတချို့၌ ရေပမာဏပြန်လည်မြင့်တက်လာ

**အင်ကာရာ ဒီဇင်ဘာ ၂၉**

တူရကီနိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီး မိုးခေါင်မှုကြောင့် ရေပမာဏကျဆင်းခဲ့သော ရေလှောင်တမံတချို့၌ ရေပမာဏ ပြန်လည် မြင့်တက်လာကြောင်း တူရကီစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်သည့် ပြဿနာဖြင့် ရင်ဆိုင်နေရသည့် နယ်မြေများမှာ Edirne၊ Kirklareli နှင့် Tekirdağ နယ်မြေတို့ဖြစ်ကြောင်း၊ မှတ်တမ်းများအရ ရေလှောင်တမံပေါင်း ၁၄ ခုထိ ရေပမာဏကျဆင်းခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလအတွင်းမှာ ဆီးနှင်းကျဆင်းပြီး အရည်ပျော်မှုကြောင့် ရေပမာဏတွေဟာ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်းမှာ Kirklareli နယ်မြေမှာရှိတဲ့ ရေလှောင်တမံတွေမှာ ရေပမာဏဟာ ကုဗမီတာ ၁၃ သန်းထိ မြင့်တက်လာခဲ့ပါတယ်။ ဒီလို ရေပမာဏတွေ မြင့်တက်လာခဲ့တာဟာ စိုက်ပျိုးရေးသမားတွေအတွက် သတင်းကောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်မှာ စိုက်ပျိုးရေးသမားတွေအတွက် စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက်လာအောင် ဆောင်ရွက်သွားနိုင်မဲ့ အခြေအနေလဲဖြစ်ပါတယ်။ လာမဲ့နှစ်မှာတော့ စိုက်ပျိုးရေးကဏ္ဍအတွက် ရေလုံလုံလောက်လောက် ဖြန့်ဝေပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု တူရကီစိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အစ်ရမ်ဆေလန်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာလတွင် ရေလှောင်တမံများ၌ ရေပမာဏကျဆင်းမှုမှာ ပုံမှန်ရှိသင့်သည့်ရေပမာဏအောက် ၃၄ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း၊ သို့သော်လည်း ဒီဇင်ဘာလအတွင်း ဆီးနှင်းများ ကျဆင်းနေမှုကြောင့် ရေပမာဏကျဆင်းနေသော ရေလှောင်တမံတချို့၌ ရေပမာဏပြန်လည်မြင့်တက်လာခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးရေးသမားများအတွက် အထောက်အပံ့ဖြစ်စေနိုင်ကြောင်း တူရကီစိုက်ပျိုးရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ အစ်ရမ်ဆေလန်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲမြံကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ် ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ် စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင် ရွက်ပါ။



# အမှောင်ကင်းသော အလင်းသစ်

ငြိမ်းချမ်းအောင်(နတ်တလင်း)



(၁)

အနောက်ဘက်သို့ ငုပ်လျှိုးပျောက်ကွယ်တော့မည်ဖြစ်သော နေလုံးနီကို တစ်ချက်မော့ကြည့်လိုက်ရင်း ကိုအောင်မြင့်တစ်ယောက် ဘေးတွဲဆိုင်ကယ်လီဗာကို ခပ်တင်းတင်းဆွဲလိုက်လေသည်။ အရှိန်ဖြင့် ပြေးထွက်လာသော ကိုအောင်မြင့်၏ ဘေးတွဲဆိုင်ကယ်လေးက လမ်းသွားလမ်းလာတချို့ကို အမြန်ကျော်ဖြတ်လာခဲ့လေသည်။ အရှိန်လွန်စွာမောင်းပြီး ကျော်တက်လာခဲ့ခြင်းကြောင့် နောက်မှကျန်ရစ်သူတချို့၏ ဆဲဆိုသံများကို ကြားလိုက်မိသော်လည်း မတုံ့ပြန်အား။ ညနေပိုင်းမို့ မြို့အပြင်လမ်းက လူသွားလူလာနည်းပါးသောကြောင့်သာ တော်သေး၏။ သည်လိုမောင်းပုံမျိုးဖြင့် မြို့ထဲလမ်းမှာဆို မလွယ်လှပေ။ ခရီးသည်တင်ကားတချို့ကို ပွတ်ကာသီကာရှောင်တိမ်းရင် ကိုအောင်မြင့် အိမ်အမြန်ပြန်ရောက်ရန်သာ စိတ်စောနေခဲ့၏။

“အစ်ကို ညနေကျရင် အိမ်ကိုစောစောပြန်လာခဲ့နော်။ ကျွန်မ ဆေးခန်းပြရအုံးမယ်”ဟု ပြောလိုက်သော ဇနီးဖြစ်သူ မနွယ်၏စကားကို ကိုအောင်မြင့် မမေ့ပေ။ ထို့ကြောင့် အိမ်ကိုအမြန်ပြန်ရောက်ချင်ဇောဖြင့် အရှိန်ပြင်းပြင်း မောင်းလာခဲ့ခြင်းဖြစ်လေသည်။ ယခင်က ခရီးသည်ပို့ရသည်မှာ သည်နေ့လောက်နောက်မကျ။ အိမ်ကိုမမှောင်ခင် ပြန်ရောက်ခဲ့လေ၏။ သည်နေ့မှ လိုက်ပို့ရသည့်ခရီးက ဝေးလွန်းသောကြောင့် ကိုအောင်မြင့် အိမ်ပြန်နောက်ကျခဲ့သည်။

(၂)

ကိုအောင်မြင့် ဘေးတွဲဆိုင်ကယ်လေးဖြင့် ခရီးသည်ကို အကြိုအပို့လုပ်ရသည်မှာ အဆင်ပြေလှ၏။ ဆိုက်ကားကဲ့သို့နင်းနေရသည်မဟုတ်၍ သွားလိုရာကို အမြန်ရောက်လေသည်။ ဘေးတွဲဆိုင်ကယ်လေးက ဆိုက်ကားထက် အသုံးတည့်သောကြောင့် ကိုအောင်မြင့်တစ်ယောက် အလုပ်မပြတ်။ ရိုးသားကြိုးစားသောကြောင့် ငွေပိုငွေလျှံလေးများလည်းရှိလာခဲ့၏။ ကိုအောင်မြင့် အပြင်ထွက်အလုပ်လုပ်နေသော်လည်း အသောက်အစားမရှိ၍ မနွယ် ဝမ်းသာနေရသည်။ သို့သော် ဆိုင်ကယ်အမောင်းကြမ်းသော ကိုအောင်မြင့်အကြောင်းကိုမနွယ်ကသိ၍ စိတ်ပူနေသည်။ ထို့ကြောင့် ကိုအောင်မြင့် အလုပ်သွားချိန်ဆိုလျှင် မနွယ်တစ်ယောက် မကြာခဏဖုန်းဆက်၍ သတိပေးရလေသည်။ အခြားဘေးတွဲမောင်းသမားများနှင့် ယှဉ်လိုက်လျှင် ကိုအောင်မြင့်ဆီမှာ အမြဲတမ်းစီးသော ခရီးသည်က ပိုများလေသည်။

“ငါ လိုက်ပို့ဖို့လဲ မျှပေးပါအုံး အောင်မြင့်ရာ၊ မနက်ကတည်းက ဒီမှာထိုင်နေတာ ဘယ်မှမထွက်ရသေးဘူး။ ဟိုလူလာလဲ ကိုအောင်မြင့် မရှိဘူးလား။ ဒီလူလာလဲ ကိုအောင်မြင့်မရှိဘူးလားနဲ့ ကြာတော့ ငါ တောင် မင်းနာမည်မကြားချင်တော့ဘူးကွ”ဟု ဘေးတွဲဆိုင်ကယ်မောင်းသမား ကိုအေးထွန်းက ပြုံးစိစိဖြင့် လှမ်းစလိုက်သည်။ ထိုအခါ ကိုအောင်မြင့်က-

“ခင်ဗျားကလဲ မနာလိုမဖြစ်ပါနဲ့။ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပေါ့ဗျာ”

ကိုအောင်မြင့် ပြန်ဖြေလိုက်သောစကားကြောင့် အနားရှိနေသူများကပါ ဝိုင်းရယ်လိုက်ကြလေသည်။

(၃)

“ထမင်းဟင်းကတော့ ကျွန်မချက်နိုင်ပါသေးတယ် အစ်ကိုရယ်။ အလုပ်သွားမှာဖြင့်သွားပါတော့။ အချိန်နောက်ကျနေတော့မယ်”

“ဒီဟင်းအိုးလေး မကျက်သေးလို့စောင့်နေတာ၊ အလုပ်ကဘယ်အချိန်သွားသွားရပါတယ်”

မနွယ်က အလုပ်သွားရန်နောက်ကျနေမည်စိုး၍ ပြောသော်လည်းမရပေ။ ဇနီးဖြစ်သူမနွယ်က ကိုယ်ဝန်လွယ်ထားရသောကြောင့် ချက်ရင်းပြုတ်ရင်းဖြင့် မတော်တဆဖြစ်မည်ကို ကိုအောင်မြင့်စိုးရိမ်မိ၏။ မနွယ်က ကိုယ်ဝန်လွယ်ထားရသော်လည်း မီးဖွားရန်ရက်က လိုသေး၏။ ကိုအောင်မြင့်ကသာ အစိုးရိမ်လွန်၍ ဘာမျှမလုပ်ခိုင်းခဲ့ပေ။ နေ့တိုင်း အလုပ်မသွားခင်အိမ်တွင် ရှိသမျှအလုပ်များကို လုပ်ခဲ့ပြီးမှသာ ကိုအောင်မြင့်ဘေးတွဲဆိုင်ကယ်မောင်းထွက်သည်။

“ငါ့သမီးကအိမ်ထောင်ရေး ကံကောင်းတယ်။ အောင်မြင့်လိုလူမျိုးကတော့ ရှားမှရှားပဲ”

မနွယ့်အမေပြောခဲ့ဖူးသော စကားတစ်ခွန်းကို အပြန်တွေးမိ၍ ကိုအောင်မြင့်ပြုံးလိုက်မိ၏။ ပြောမည်ဆိုလည်း ပြောလောက်စရာပင်။ မနွယ်၏ဘဝက ဘာအပူအပင်မျှမရှိပေ။ ကိုအောင်မြင့်က အိမ်ထောင်ဦးစီးကောင်းပီသစွာလုပ်ကိုင်ရှာဖွေပေးခဲ့သည်မဟုတ်လား။ မနွယ်ကလည်း ကိုအောင်မြင့် ရှာဖွေပေးသမျှကို အလေအလွင့်မရှိအောင် အသုံးချတတ်သောကြောင့် စီးပွားရေးက အဆင်ပြေလှသည်။ ယခင်က ကိုအောင်မြင့် အလုပ်သွားချိန်ဆိုလျှင် မနွယ်က အိမ်တွင် တစ်ယောက်တည်းကျန်ခဲ့လေသည်။ မနွယ်က ကိုယ်ဝန်ကြီးနှင့်မို့ တစ်ယောက်တည်းကျန်နေခဲ့မည်ကို စိတ်မချသော ကိုအောင်မြင့်က မနွယ်၏အမေကို အိမ်တွင်ခေါ်ထားခဲ့လေသည်။

(၄)

“ဘေးတွဲအားလား အစ်ကို”

“အားပါတယ် ညီမလေး၊ ဘယ်ကိုလိုက်ပို့ပေးရမလဲ”

ကိုအောင်မြင့် ပြန်ဖြေရင်း ခရီးသည်တင်ကားပေါ်က ဆင်းလာသောမိန်းကလေးဆီက အထုပ်အပိုးများကို ကူသယ်ပေးလိုက်၏။ ယခင်ကဆိုလျှင် ကိုအောင်မြင့်က ဈေးနားတွင်သာ ဂိတ်ထိုးတတ်သော်လည်း သည်နေ့က ဈေးပိတ်ရက်ဖြစ်နေသောကြောင့် ကားဂိတ်နားတွင် ခရီးသည်လာစောင့်နေခြင်းဖြစ်လေသည်။ ခရီးသည်မိန်းကလေး သွားချင်သည့်ရွာက မြို့နှင့် အလှမ်းဝေးသောကြောင့် ကိုအောင်မြင့် လိုက်မပို့ချင်။ အခြားဘေးတွဲသမားများကလည်း မလိုက်ချင်သောကြောင့် မအားဘူးဟု ပြောလိုက်သည်ကို ကိုအောင်မြင့်အတိုင်းသား ကြားနေရသည်မဟုတ်လား။ သို့သော် ညှိုးငယ်နေသည့်မျက်နှာလေးဖြင့် ဗိုက်ဖုံးအင်္ကျီဝတ်ထားသော မိန်းကလေးကိုသနားမိသောကြောင့် ကိုအောင်မြင့် ဈေးအများကြီးမတောင်းတော့ဘဲ ကြည့်ပေးပါဟု ပြော၍ လိုက်ပို့ခဲ့လေသည်။

“ရွာက မြို့နဲ့နည်းနည်းတော့ဝေးတယ် အစ်ကို။ အပြန်မှောင်မှာစိုးရင် အရှိန်တင်မောင်းပါ”

“ရပါတယ် ညီမလေး၊ ဒီလမ်းတွေက သွားနေကျဆိုတော့ကိစ္စမရှိပါဘူး။ ဒါနဲ့ ညီမလေးက ရွာကိုအလည်ပြန်လာတာလား”ဟု ကိုအောင်မြင့်က မေးလိုက်သည်။

ထိုအခါ ခရီးသည်မိန်းကလေးက-

“မဟုတ်ဘူး အစ်ကို၊ ရွာကမိဘတွေနဲ့နေဖို့ အပြီးပြန်လာတာ”ဟု ပြန်ဖြေရင်း ကျလာသောမျက်ရည်စက်များကို လက်ကိုင်ပဝါလေးဖြင့်သုတ်နေခဲ့သည်။ ရွာရောက်ရန်လည်း လိုနေသေးသောကြောင့် အပြန်အလှန်စကားပြောကြရင်း ခရီးသည်မိန်းကလေးက သူ့အကြောင်းကို ပြောပြလေသည်။ သူ၏ခင်ပွန်းဖြစ်သူက တက္ကစီမောင်းသမားတစ်ယောက်ဖြစ်သောကြောင့် ရသည့်ဝင်ငွေက မဆိုးလှ။ သို့သော် အသောက်အစားလည်းမကင်းနိုင်တာမို့ ရှာဖွေရသမျှ အဖတ်မတင်ခဲ့ပေ။ တစ်နေ့ ခရီးသည်လိုက်ပို့ပြီး အိမ်အပြန်လမ်းတွင် အမူးလွန်၍ အရှိန်မထိန်းနိုင်ဘဲ ကားချင်းတိုက်မိကာ ဆုံးပါးသွားခဲ့ကြောင်း ကိုအောင်မြင့် သိလိုက်ရ၏။ အားကိုးရာမဲ့ဖြစ်သွားသောကြောင့် မိဘရှိရာ ရွာလေးဆီသို့ ကလေးမီးဖွားရင်း အပြီးနေရန်ပြန်လာသည်ဟု မျက်ရည်စီးကျရင်း ပြောနေသော မိန်းကလေးကိုကြည့်၍ ကိုအောင်မြင့် စိတ်မကောင်းဖြစ်မိ၏။ ဖတဆိုးသားသမီးဖြစ်လာမည့် ကလေးငယ်လေးအတွက်လည်း တွေးမိ၍ သနားစိတ်လေးဖြစ်ပေါ်လာခဲ့လေသည်။ ခရီးသည် မိန်းကလေးပြောသည့်ရွာကလည်း ရောက်ပြီမို့ ဝင်ရမည့်အိမ်ကိုမေးကာ ကိုအောင်မြင့်ခြံဝင်းထဲထိ လိုက်ပို့ခဲ့လေသည်။ အထုပ်အပိုးများကိုကူသယ်ပေးရင်း ခရီးသည်မိန်းကလေးကို နှုတ်ဆက်၍ ကိုအောင်မြင့်ထိုရွာလေးမှ ပြန်ထွက်လာတော့ ကောင်းကင်ထက်တွင် လခြမ်းကွေးလေးပင် ထွက်နေခဲ့ပြီဖြစ်၏။ ကိုအောင်မြင့်သည် ဘေးတွဲဆိုင်ကယ်လေးကို အရှိန်မလွန်အောင် ထိန်းမောင်းရင်းအိတ်ကပ်ထဲထည့်လာခဲ့သောဖုန်းလေးက အသံမြည်လာသောကြောင့် ကိုအောင်မြင့် လမ်းဘေးကပ်ရပ်ရင်း ဖုန်းကိုင်လိုက်သည်။ ဖုန်းမြည်သံကြားကတည်းက မနွယ်ဖုန်းဆက်တာပဲဟု ကိုအောင်မြင့် သိနေခဲ့၏။ ယခင်ကလည်း မနွယ်က ကိုအောင်မြင့် ဆိုင်ကယ်အရှိန်လွန်စွာမမောင်းရန်ကို ဖုန်းဆက်၍ မကြာခဏပြောနေခဲ့သည်မဟုတ်လား။ ထို့ကြောင့် ကိုအောင်မြင့်က မနွယ်တစ်ယောက် ဘာ မျှမပြောခင် အရင်ဆုံးဦးအောင် ပြောလိုက်လေသည်။

❖ ကိုအောင်မြင့်သည် ဘေးတွဲဆိုင်ကယ်လေးကို အရှိန်မလွန်အောင် ထိန်းမောင်းရင်း အိတ်ကပ်ထဲထည့်လာခဲ့သောဖုန်းလေးက အသံမြည်လာသောကြောင့် ကိုအောင်မြင့် လမ်းဘေးကပ်ရပ်ရင်း ဖုန်းကိုင်လိုက်သည်။ ဖုန်းမြည်သံကြားကတည်းက မနွယ်ဖုန်းဆက်တာပဲဟု ကိုအောင်မြင့် သိနေခဲ့၏။ ယခင်ကလည်း မနွယ်က ကိုအောင်မြင့် ဆိုင်ကယ်အရှိန်လွန်စွာ မမောင်းရန်ကို ဖုန်းဆက်၍ မကြာခဏပြောနေခဲ့သည်မဟုတ်လား။ ထို့ကြောင့် ကိုအောင်မြင့်က မနွယ်တစ်ယောက် ဘာမျှမပြောခင် အရင်ဆုံးဦးအောင်ပြောလိုက်လေသည်။ ❖

“ငါ အိမ်ပြန်လာနေပြီ၊ ဘာမှစိတ်မပူနဲ့ မနွယ်ရေ၊ ဆိုင်ကယ်ကို ဖြည်းဖြည်းပဲမောင်းလာတာ”

ဖုန်းထဲက မိန်းမဖြစ်သူမနွယ်၏ရယ်သံလေးကို ကြားလိုက်ရသောကြောင့် ကိုအောင်မြင့် တစ်နေ့တာပင်ပန်းထားသမျှ ပျောက်ကွယ်သွားသလိုပင်။ ယခင်ကကဲ့သို့ ဘေးတွဲဆိုင်ကယ်လေးကို အရှိန်တင်မမောင်းတော့ဘဲ ဖြည်းဖြည်းမှန်မှန်သာ ကိုအောင်မြင့်မောင်းလာခဲ့သည်။ အိမ်ပြန်လမ်းက မှောင်နေသော်လည်း ကိုအောင်မြင့်စိတ်ထဲက မနွယ်နှင့် ရင်သွေးငယ်လေးအတွက်ဟူသော မေတ္တာတရား၏အလင်းတန်းက ဘေးတွဲဆိုင်ကယ် မီးလေးနှင့်အတူ အပြိုင်လင်းလက်နေခဲ့လေတော့သည်။

# ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာဆက်ဆံရေးတိုးချဲ့လာသောဂျပန်နှင့် အာဆီယံ

ဂျပန်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) တို့သည် အပြန်အလှန်ဆက်ဆံရေးထူထောင်မှု နှစ် (၅၀) ပြည့်အထိမ်းအမှတ်အနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် တိုကျိုမြို့၌ အထူးထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။ ဒုတိယကမ္ဘာစစ်ပွဲလွန်ကာလတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် အရှေ့တောင်အာရှဒေသတွင် စက်မှုလုပ်ငန်းထူထောင်ရာ၌ ဂျပန်နိုင်ငံ၏ အရေးပါသောအခန်းကဏ္ဍတို့ကြောင့် နှစ်ဖက်အကြား အပြန်အလှန်ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းလာခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် အာဆီယံခေါင်းဆောင်များကို နွေးထွေးစွာကြိုဆိုလက်ခံခဲ့ပြီး ၎င်း၏ခေါင်းဆောင်မှုအခန်းကဏ္ဍကို မြှင့်တင်ခဲ့သည်။ ကီရှီဒါသည် နိုဝင်ဘာလအတွင်းကလည်း မနီလာနှင့် ကွာလာလမ်ပူသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ကာ ဒေသတွင်းရှိ စိတ်တူကိုယ်တူနိုင်ငံများနှင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ အလေးထားဆောင်ရွက်သွားမည်ဆိုသောအမြင်ဖြင့် ဂျပန်နိုင်ငံ၏ လက်တွေ့ကျသောသံခင်းတမန်ခင်းခေတ်သစ်ကာလကို တရားဝင်ဖွင့်လှစ်ခဲ့သည်။

အာဆီယံခေါင်းဆောင်များကလည်း ဂျပန်နှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် အခွင့်အလမ်းကို ကြိုဆိုခဲ့ကြသည်။ ဂျပန်နိုင်ငံအနေဖြင့် အရှေ့တောင်အာရှတွင် နိုင်ငံပေါင်းစုံပါဝင်သော အခင်းအကျင်းတစ်ရပ်ဖန်တီးသွားရန် ကူညီပေးလျက်ရှိသည်။ အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ် (၅၀) ပြည့် အထိမ်းအမှတ်ထိပ်သီးဆွေးနွေးပွဲသည် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ အပါအဝင် အပြန်အလှန်ဆက်ဆံရေး၏ ဆက်နွယ်သောနယ်ပယ်အားလုံးအပေါ် အလေးထားဆွေးနွေးခဲ့ကြသည်။


ဂျပန်နှင့် အာဆီယံနိုင်ငံများအနေဖြင့် လွတ်လပ်ပြီး ဘေးကင်းလုံခြုံသောရေကြောင်းသွားလာခွင့်နှင့် လေယာဉ်ပျံသန်းခွင့်အပြင် အတားအဆီးမရှိကုန်သွယ်ခွင့်အပါအဝင် ကုန်သွယ်ရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများကိုအခြေခံလျက် ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ဘေးကင်းလုံခြုံမှုထိန်းသိမ်းရေးအတွက် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တောင့်တင်းခိုင်မာရေးအတွက် အခိုင်အမာကတိကဝတ်ပြုထားကြောင်း ထိပ်သီးဆွေးနွေးပွဲအပြီး၌ ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

နှစ်ဖက်စလုံးအနေဖြင့် ပင်လယ်ရေကြောင်းလုံခြုံမှုနယ်ပယ်တိုးမြှင့်ရန်၊ ကမ်းခြေစောင့်တပ်ဖွဲ့များနှင့် တရား၍ ဥပဒေစိုးမိုးရေးအေဂျင်စီများကြား ပူးပေါင်းဆောင်ရွက်သွားရန်၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့်ဖြေရှင်းရန်နှင့် နိုင်ငံတကာဥပဒေများ၊ မူဝါဒများနှင့်အညီ ခြိမ်းခြောက်မှုများနှင့် အင်အားအသုံးပြုမှုတို့ကိုရှောင်ရှားသွားရန် ကတိကဝတ်ပြုခဲ့ကြသည်။ အရှေ့တောင်အာရှနိုင်ငံများသည် ဂျပန်နိုင်ငံ၏ တရားဝင်လုံခြုံရေးအကူအညီ (OSA)ကို အများဆုံးလက်ခံရရှိနိုင်ရန် မျှော်မှန်းထားရှိသည်။

သာဓကအနေဖြင့် မလေးရှားနိုင်ငံသည် ဂျပန်နိုင်ငံ၏ OSA အစီအစဉ်အောက်တွင် ကြိုတင်သတိပေးနှင့် ကင်းထောက်မှုစနစ်များအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း လက်ခံရရှိသွားမည်ဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံစလုံးအနေဖြင့် ပြီးပြည့်စုံသောလုံခြုံရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးစာချုပ်ကိုလည်း လက်မှတ်ရေးထိုးထားရှိသည်။

ထို့ပြင် ဂျပန်နှင့် ဖိလစ်ပိုင်တို့အနေဖြင့်လည်း ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ဂျပန်သည် ဖိလစ်ပိုင်တပ်မတော် (AFP) ကို ရေဒါစနစ်သစ်များ ပံ့ပိုးပေးသွားရန် သဘောတူညီထားရှိပြီးဖြစ်သည်။ နှစ်နိုင်ငံကြား အပြန်အလှန်သွားရောက်ခွင့် သဘောတူညီချက်(RAA) သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ (JSDF)ကို ဖိလစ်ပိုင်နိုင်ငံတွင် ပုံမှန်စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်နိုင်စေမည်ဖြစ်ပြီး နှစ်နိုင်ငံကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကိုလည်း တိုးမြှင့်လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

တိုကျိုမြို့၌ပြုလုပ်ခဲ့သည့် အာဆီယံ-ဂျပန်ထိပ်သီးဆွေးနွေးပွဲ၏ ဘေးပန်းဆွေးနွေးပွဲတွင် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက မိမိတို့ နှစ်နိုင်ငံအနေဖြင့် RAA အရ လုံခြုံရေးဆိုင်ရာများအပြင် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ လျော့ပါးသက်သာအောင် ဆောင်ရွက်ခြင်းတို့တွင် စွမ်းဆောင်ရည်များ ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊




ထို့ပြင် ငြိမ်းချမ်းမှုထိန်းသိမ်းရာတွင်လည်း ကြီးမားသောစွမ်းဆောင်ရည်များကို ယူဆောင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နှင့်စာချုပ်ချုပ်ဆိုထားသော မဟာမိတ်ဖြစ်သော်လည်း အရှေ့တောင်အာရှဒေသအတွက်မှ အစားထိုးနိုင်သည့် အပြုသဘောဆောင်သောအင်အားစုအဖြစ် ရှုမြင်ခံထားရသည်။ ဒေသတွင်း၌ စစ်ရေးအင်အားကိုသာ အဓိကတိုးချဲ့လျက်ရှိသည့် အမေရိကန်နှင့် မတူညီသောအချက်မှာ ဒုတိယကမ္ဘာစစ်ပွဲလွန်ကာလတွင် ဂျပန်နိုင်ငံသည် အာဆီယံတွင် လွှမ်းမိုးမှုရရှိရန် စီးပွားရေးအင်အားကိုသာ မှီခိုအားထားလျက်ရှိသည်။ ဂျပန်အနေဖြင့် ဒုတိယကမ္ဘာစစ်ပွဲအတွင်း လုပ်ဆောင်ခဲ့သည့်လုပ်ရပ်များအပေါ် နောင်တရနေဖွယ်ရာရှိနေသည့်အပြင် ဒေသတွင်းရှိ ဈေးနှုန်းချိုသာသောလုပ်သားစွမ်းအားနှင့် ပေါကြွယ်ဝလှသော သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းအားဖြင့် ၎င်း၏ စီးပွားရေးယှဉ်ပြိုင်မှုကို မြှင့်တင်သွားရန် အခိုင်အမာဆုံးဖြတ်ထားသောကြောင့်ပင်ဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် အရှေ့မြောက်အာရှဒေသရှိ တရုတ်၊ တောင်ကိုရီးယားတို့နှင့် မတူညီသည့်အချက်မှာ အရှေ့တောင်အာရှဒေသတွင် စစ်ပွဲအလွန်ပုံရိပ်ပြန်လည်တည်ဆောက်ရာ၌ အောင်မြင်မှုသိသိသာသာရရှိလျက်ရှိသည်။

စင်ကာပူအခြေစိုက် အရှေ့တောင်အာရှလေ့လာရေးဆိုင်ရာအင်စတီကျု (ISEAS)၏ စစ်တမ်းအရ အရှေ့တောင်အာရှမှ နိုင်ငံရေးခေါင်းဆောင်များသည် ဂျပန်နိုင်ငံကို ပြင်ပမိတ်ဖက်နိုင်ငံအဖြစ် ပိုမိုမျက်နှာသာပေးလျက်ရှိသည်ဟုဆိုသည်။ အကြောင်းမှာ ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှတွင် အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံရာတွင် ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသောကြောင့်ပင်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီက အရှေ့တောင်အာရှတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကတိကဝတ်သည် အမေရိကန်ဒေါ်လာ ၃၆၇ ဘီလီယံ ရှိခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံသည် အာဆီယံနိုင်ငံများနှင့် နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများမရှိသောကြောင့် အရှေ့တောင်အာရှနိုင်ငံများကြားတွင် နာမည်ကောင်းရလျက်ရှိသည်။ ဂျပန်နိုင်ငံအနေဖြင့် G-7 အဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း အနောက်တိုင်းနိုင်ငံထက် အာရှနိုင်ငံအဖြစ်သာ ပိုမိုရှုမြင်ခံရသည်။ ဂျပန်ခေါင်းဆောင်များသည် အာဆီယံနိုင်ငံများ၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီမှတ်တမ်းများအပေါ် တိုက်ရိုက်ဝေဖန်မှုမျိုးကို သတိထားရှောင်ရှားလျက်ရှိသည်။

အာဆီယံနိုင်ငံများသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်းကပင် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာအခန်းကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုများကို လိုလိုလားလား လက်ခံကြိုဆိုခဲ့ကြသည်။ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးလက်ထက်ကတည်းကပင် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများ ပြောင်းလဲလာခဲ့သည်။ လက်ရှိ ဝန်ကြီးချုပ် ကီရှီဒါအနေဖြင့်လည်း လက်တွေ့ကျသော သံခင်းတမန်ခင်းဆက်ဆံရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်လျက်ရှိသည်။ ဆိုလိုသည်မှာ ကမ္ဘာ့ရေးရာများတွင် အဓိကကျသည့် စိတ်တူကိုယ်တူနိုင်ငံများနှင့် နီးကပ်သောလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို အလေးထားလုပ်ဆောင်လာခဲ့သည်။ အထူးသဖြင့် အာဆီယံနိုင်ငံများနှင့် ပိုမိုနီးကပ်စွာဆောင်ရွက်လာခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏ပုံရိပ် ဆက်လက်မြှင့်တင်ရန် ကာကွယ်ရေးအသုံးစရိတ်ကို GDP အချိုးထက် ပိုမိုတိုးမြှင့်သုံးစွဲသွားရန် ရည်မှန်းထားရှိသည်။ ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်များနှင့် တာဝေးပစ်ဒုံးကျည်စနစ်များအပါအဝင် မျိုးဆက်သစ်စစ်ဘက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ ဗီယက်နမ်သမ္မတ ဗိုဗန်သောင်သည် နိုဝင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်စဉ် လွှတ်တော်၌ သမိုင်းဝင်မိန့်ခွန်းပြောကြားရာ၌ အရှေ့တောင်အာရှတွင် ဂျပန်နိုင်ငံ၏ပါဝင်မှုအခန်းကဏ္ဍကို လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။

မလေးရှားနိုင်ငံအနေဖြင့်လည်း ဂျပန်နိုင်ငံနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။ အာဆီယံနိုင်ငံများအနက် ဖိလစ်ပိုင်သည် ဂျပန်နှင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားရန် ပိုမိုစိတ်အားထက်သန်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် ဖိလစ်ပိုင်သည် JASDF သံချပ်ကာတပ်ဖွဲ့ကို ပထမဆုံးလက်ခံခဲ့သည်။ ထို့နောက် ၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်လေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ရန် ဖိလစ်ပိုင်နိုင်ငံတွင် ဂျက်တိုက်လေယာဉ်များကို တပ်ဖြန့်ချထားခဲ့သည်။

တစ်ချိန်တည်းမှာပင် ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ (PCG) ကို ဘက်စုံသုံးရေယာဉ်များနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေးအတွက် အကူအညီများပေးအပ်ခဲ့သည်။ ထို့ကြောင့် PCG သည် အာဆီယံနိုင်ငံများအားလုံးအနက် စွမ်းဆောင်ရည်မြင့်မားသော တရားဥပဒေစိုးမိုးရေးအေဂျင်စီအဖြစ် အလျင်အမြန်ပြောင်းလဲဖွဲ့စည်းနိုင်ခဲ့သည်။

ဂျပန်အနေဖြင့် တရုတ်(ထိုင်ပေ) အရေးအပြင် တောင်တရုတ်ပင်လယ်တွင် ပဋိပက္ခဖြစ်ပွားလာနိုင်မှုတို့ကို ဟန့်တားနိုင်ရေးအတွက် ဂျပန်-ဖိလစ်ပိုင်-အမေရိကန် (JAPHUS) သုံးနိုင်ငံမဟာမိတ်အဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက်လည်း စူးစမ်းလေ့လာလျက်ရှိသည်။ အမှန်တော့ ကီရှီဒါသည် နိုဝင်ဘာလအတွင်း မနီလာသို့ သွားရောက်လည်ပတ်စဉ် ဖိလစ်ပိုင်လွှတ်တော်၌ မိန့်ခွန်းပြောကြားခဲ့သည်။ ၎င်းသည် ဖိလစ်ပိုင်ဥပဒေပြုလွှတ်တော်၌ မိန့်ခွန်းပြောကြားသည့် ဂျပန်နိုင်ငံ၏ ပထမဆုံးသောခေါင်းဆောင်ဖြစ်ပြီး လွန်ခဲ့သောဆယ်စုနှစ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးတိုးတက်လာမှုအပေါ် ထုတ်ဖော်ချီးကျူးပြောကြားခဲ့သည့်အပြင် ပြီးပြည့်စုံသောမိတ်ဖက်ဆက်ဆံရေးခေတ်သစ်ကာလထူထောင်သွားရန်လည်း ကတိကဝတ်ပြုသွားခဲ့သည်။ ဂျပန်ခေါင်းဆောင်သည် မနီလာတွင် ဂျပန်နိုင်ငံ၏ တရားဝင်လုံခြုံရေးအကူအညီ (OSA)ကို စတင်ဆောင်ရွက်ခဲ့ပြီး OSA မူဘောင်အရ ဖိလစ်ပိုင်နိုင်ငံကို ဂျပန်နိုင်ငံ၏ ကမ်းခြေစောင့်ကြည့်ထောက်လှမ်းမှုရေဒါနှင့် အခြားသောကိရိယာများပံ့ပိုးကူညီသွားရန်လည်း သဘောတူညီခဲ့သည်။ ထို့ကြောင့် ဖိလစ်ပိုင်သည် လက်ရှိအချိန်ထိ OSA အစီအစဉ်မှ အထောက်အပံ့အများဆုံးရရှိထားသည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

ဆိုရလျှင် ၁၉၇၃ ခုနှစ်တွင် ဂျပန်နှင့် အာဆီယံတို့ကြား တရားဝင်ဆက်ဆံရေးစတင်ထူထောင်ခဲ့သောကြောင့် ၂၀၂၃ ခုနှစ်တွင် ရာစုနှစ်ထက်ဝက်ရှိလာခဲ့ပြီဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် ဂျပန်နှင့် အာဆီယံတို့ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၁၇ ရက်တွင် တိုကျိုမြို့၌ အထူးထိပ်သီးဆွေးနွေးပွဲကို လက်ခံကျင်းပခဲ့သည်။

ဂျပန်နိုင်ငံသည် အာဆီယံနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ကာကွယ်ရေးဆိုင်ရာနယ်ပယ်တွင်လည်း တိုးချဲ့ပူးပေါင်းလာလျက်ရှိသည်။ အထူးသဖြင့် ဂျပန်ပိုင်နိုင်ငံသည် ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ် စသည့် အာဆီယံ၏ အဓိကဇာတ်ကောင်များနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့လာခဲ့သည်။ စင်စစ်အားဖြင့် ဂျပန်နိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲသွားရန် ကြိုးပမ်းလျက်ရှိသောကြောင့် အာဆီယံနိုင်ငံများတွင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာများအပြင် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးချဲ့လုပ်ဆောင်လာလျက်ရှိပေသည်။

**ကိုးကား**

- **Japan - ASEAN in a much more muscular embrace By Asia Times.**

ဝင်းဇင်(သုတေသန)

# ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်သူ များပြားလာသဖြင့် ဘုရားဖူးချိန်တိုးမြှင့်သွားမည်



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်သူ များပြားလာသဖြင့် ဘုရားဖူးချိန်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

လက်ရှိကာလတွင် ဘုရားဖူးပြည်သူများ များပြားလာခြင်းကြောင့် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရန် ရွှေတိဂုံစေတီတော်မြတ်ကြီးကို မူလက နံနက် ၅ နာရီမှ ည ၈ နာရီထိ ဘုရားဖူးချိန်ကို စီစဉ်ပေးထားသော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၉ နာရီထိ ဘုရားဖူးချိန်ကို အချိန်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှ သိရသည်။

"အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ များပြားလာတဲ့အတွက် ဘုရားဖူးချိန်ကို ည ၈ နာရီကနေ ည ၉ နာရီထိ တိုးမြှင့်ပေးမှာဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော်ကြီးကို ဘုရားဖူးလာရောက်မှုအနေနဲ့ဆိုရင် ပုံမှန်ရုံးဖွင့်ရက်တွေမှာ တစ်ရက်ကို ဘုရားဖူး ၂၀၀၀၀ လောက်ရှိပြီး စနေ၊ တနင်္ဂနွေ နေ့မျိုးတွေမှာဆိုရင် တစ်ရက်ကို ဘုရားဖူး ၄၀၀၀၀ ကနေ ၅၀၀၀၀ လောက်ထိရှိပါတယ်။ ရွှေတိဂုံစေတီတော်ကြီးမှာ ဘုရားဖူးလုံခြုံရေးအတွက် CCTV ကင်မရာ အလုံး ၂၈၀ လောက် တပ်ဆင်ထားပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးပြည်သူ ခြောက်သိန်းကျော် လာရောက်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

ASH

# မောက်မယ်မြို့နယ် ခူးဝိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မောက်မယ် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ခူးဝိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ခူးဝိန်းကျေးရွာ၌ လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ကိုးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောက်မယ်မြို့နယ် ခူးဝိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် နှစ်သိန်း စုစုပေါင်းငွေကျပ် ၁၇ သိန်းအသုံးပြု၍ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ပြောပြ၍ သိရသည်။

**အေးသူ**

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၄၄၅ ဧက စိုက်ပျိုးပြီးစီး

**မြောင် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၄၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၃၉၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဟင်းသီးဟင်းရွက်ဧက ၃၉၀၀ စိုက်ပျိုးဖို့အတွက် လျာထားတယ်။ လက်ရှိအချိန်ထိ ၃၄၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီသီး စတာတွေစိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် ပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

# ငပုတောမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်

**ငပုတော ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပုတောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းက သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို ကြိုးစားသင်ယူကာ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြက သင်တန်းစည်းမျဉ်းစည်းကမ်းများနှင့် သင်ကြားပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ငပုတောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိသူများက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလျှပ်စစ်သံဂဟေဆက်သင်တန်းသို့ ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းတွင် သင်တန်းနည်းပြများက လျှပ်စစ်သံဂဟေဆက်နည်းများနှင့် ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၁၅ ရက်ထိ အခမဲ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**နီလာ**

# မင်းလှမြို့နယ် အလယ်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းလှ ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက တက်ရောက်လာသူများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ပုံအဆင့်ဆင့်၊ ရန်ပုံငွေရရှိမှုအနေအထားများ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**

တိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# သမုဒ္ဒရာကြီးနဲ့တူသော ဆက်ဆံရေး

ကိုယဉ်ချစ်(မန္တလေး)

လောကလူသားအားလုံး နေ့စဉ်ဘဝရပ်တည်ရေးအတွက် မဖြစ်မနေ လုပ်ကိုင်နေရတဲ့အလုပ်တစ်ခုကတော့ ဆက်ဆံရေး(Relations)ဖြစ်ပါတယ်။ ဆက်ဆံဆိုတာ ဆက်သွယ်သည်၊ ပေါင်းသင်းသည်လို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဆက်ဆံရေးဟာ လူသားအားလုံးနဲ့ ကင်းကွာမရဘဲ နေ့စဉ်သုံးစွဲနေရတဲ့ အသုံးအဆောင်တစ်မျိုးဖြစ်ပါတယ်။

ဆက်ဆံရေးဆိုတာ ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ အရေးပါတဲ့နေရာမှာ ရှိနေပါတယ်။ ပြောင်းလဲနေတဲ့အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေဖြစ်အောင် အချိန်နဲ့အမျှ အလေးထားဆောင်ရွက်နေကြရပါမယ်။ ပြည်သူ့ဆက်ဆံရေး (Public Relations) ဆိုတဲ့ဝေါဟာရကို ၁၈၀၇ ခုနှစ်ကတည်းက အမေရိကန်နိုင်ငံမှ သောမတ်ဂျက်ဖာဆင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက သုံးစွဲခဲ့တာလို့ သိရပါတယ်။

ဆက်ဆံရေးမှာ လူအချင်းချင်းဆက်ဆံရေး၊ လူနဲ့ ပတ်ဝန်းကျင်ဆက်ဆံရေးလို့ အကြမ်းအားဖြင့်ဆိုနိုင်ပါတယ်။ လူအချင်းချင်းဆက်ဆံရေးမှာ တစ်ဦးနဲ့ တစ်ဦးချင်း၊ မိသားစုအတွင်း၊ ရပ်ရွာအတွင်း၊ လုပ်ငန်းခွင်အတွင်းနဲ့ အဖွဲ့အစည်းအတွင်း ဆက်ဆံရေးတွေကအစ နိုင်ငံတကာဆက်ဆံရေးတွေထိ ကျယ်ပြန့်ပါတယ်။ တစ်ဦးနဲ့တစ်ဦးချင်း ဆက်ဆံတာ၊ တစ်ယောက်နဲ့အများ ဆက်ဆံကြတာတွေကို လူသားတိုင်းက နေ့စဉ် မဖြစ်မနေဆောင်ရွက်နေကြပါတယ်။

ဒီလိုဆောင်ရွက်ကြတဲ့အခါ နှုတ်(ဝစီကံ)၊ ရုပ်ခန္ဓာ(ကာယကံ)တွေနဲ့ ဆက်ဆံကြပါတယ်။ နှုတ်နဲ့ ဝစီကံမြောက် ဆက်ဆံရေးက အရေးကြီးပါတယ်။ စကားတစ်ခွန်းကြောင့် အကျိုးဖြစ်ထွန်းမှုတွေ ခံစားရနိုင်သလို ဆိုးကျိုးတွေလဲဖြစ်ပေါ်နိုင်ပါတယ်။ အခန့်မသင့်ရင် လူတွေရဲ့အသက်တွေကိုပါ ဆုံးရှုံးနိုင်ပါတယ်။ ဒါကြောင့် ရှေးလူကြီးတွေ၊ ပညာရှင်ကြီးတွေက စကားနောက်တရားပါ၊ စကားများ အမှားပါ၊ စကားလွန်ကျွန်ဖြစ်၊ မှုသားမပါလက်ာမချော၊ နှုတ်ချိုသျှိုတစ်ပါး၊ နှုတ်ကောင်းလျှင် ပြည်စိုး၊ ဆိုခဲစေ မြဲစေ စတဲ့စကားအပြောအဆိုနဲ့ပတ်သက်တဲ့ ဆိုစကားတွေနဲ့ သတိပြုဆင်ခြင်ဖို့ သတိပေးဆုံးမခဲ့ပါတယ်။

နေ့စဉ်ပြုနေကျအလုပ်တွေတိုင်းမှာ ကောင်းတဲ့အကျင့်(သုစရိုက်)နဲ့ မကောင်းတဲ့အကျင့် (ဒုစရိုက်)တွေယှဉ်တွဲနေပါတယ်။ သုစရိုက် ၁၀ ပါးဖြစ်တဲ့ ကာယသုစရိုက်သုံးပါး၊ ဝစီသုစရိုက်လေးပါးနဲ့ မနောသုစရိုက် သုံးပါးကို ဆက်ဆံရေးနယ်ပယ်မှာ အသုံးပြုနေကြပါတယ်။ ကာယသုစရိုက်သုံးပါးမှာ သူ့အသက်ကို သတ်ခြင်းမှရှောင်ကြဉ်မှု၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှရှောင်ကြဉ်မှု၊ ကာမဂုဏ်မှာ ယုတ်ယုတ်မာမာကျင့်ခြင်းမှ ရှောင်ကြဉ်မှု၊ ဝစီသုစရိုက်လေးပါးမှာ မဟုတ်မမှန်ပြောဆိုခြင်းမှရှောင်ကြဉ်မှု၊ ချောပစ်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်မှု၊ ကြမ်းကြမ်းတမ်းတမ်း အယုတ်တမာဆဲဆိုခြင်းမှ ရှောင်ကြဉ်မှု၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊ မနောသုစရိုက်သုံးပါးမှာ သူတစ်ပါးစည်းစိမ်ကို ငါ့ဟာဖြစ်ရင်ကောင်းမှာပဲလို့ မတရားကြံစည်ခြင်းကိုမပြုမှု၊ သေကျေပျက်စီးသွားရင် ကောင်းမှာလို့ သူတစ်ပါးအပေါ်ဖြစ်မှားခြင်းမပြုမှု၊ အယူမှားတာ၊ ကံကံရဲ့အကျိုးကို မယုံကြည်ခြင်းကိုမဖြစ်စေဘဲ ကောင်းတဲ့အယူကိုယူမှုတွေဖြစ်ပါတယ်။ ဒီသုစရိုက် ၁၀ ပါးကို လူပြည်၊ နတ်ပြည်ရောက်ကြောင်း တရား ၁၀ ပါးလို့လဲ ခေါ်ပါတယ်။

ကဿပဘုရားရှင်လက်ထက်က အမျိုးသားနှစ်ယောက်ဟာ ရွာတစ်ရွာမှာ ရဟန်းပြုပြီး အကျင့်သီလနဲ့အညီ သီတင်းသုံးနေထိုင်ကြပါတယ်။ တစ်နေ့တော့ သူတို့သီတင်းသုံးတဲ့နေရာကို အာဂန္တုရဟန်းတစ်ပါးရောက်လာလို့ ကြိုဆိုနေရာပေးပြီး နောက်ရက်မှာ အာဂန္တုရဟန်းကိုခေါ်ကာ ဆွမ်းခံထွက်ကြပါတယ်။ ရွာသူရွာသားတွေက စေတနာသဒ္ဓါတရားထက်သန်စွာနဲ့ လှူဖွယ်ပစ္စည်းတွေကို လောင်းလှူကြပါတယ်။

အာဂန္တုရဟန်းဟာ ရွာသူရွာသားတွေ စေတနာသဒ္ဓါတရားကောင်းတာ၊ ကျောင်းသခ်မ်းကလဲ အရိပ်အာဝါသ ကောင်းမွန်ပြည့်စုံတာတွေကို တပ်မက်လာပါတယ်။ ဒီတော့ ကျောင်းနေ ရဟန်းနှစ်ပါးကို အချင်းချင်း မသင့်မြတ်အောင် ကုန်းတိုက်စကားတွေ ပြောပါတယ်။ ရဟန်းနှစ်ပါးဟာ ပြောစမှာတော့ မယုံကြည်ကြပေမဲ့ အကြိမ်ကြိမ် ပြောဖန်များလာတဲ့အခါ အချင်းချင်းစိတ်ဝမ်းကွဲပြီး စကားမပြော၊ အရှိအသေ မပြုကြတော့ဘဲ သပိတ်သင်္ကန်းတွေယူပြီး ချမ်းသာရာအရပ်တွေဆီကို ထွက်ခွာသွားကြပါတော့တယ်။ ကုန်းတိုက်တဲ့ အာဂန္တုရဟန်းဟာ သူတော်ကောင်းရဟန်းနှစ်ပါးရဲ့ ချစ်ခင်စည်းလုံးမှုကို ခွဲမိပြီဆိုပြီး စိတ်မကောင်းဖြစ်၊ နောင်တတွေရ၊ စိုးရိမ်စိတ်တွေဖြစ်ပြီး မကြာခင်မှာ ပျံလွန်တော်မူသွားပါတယ်။ အဲဒီရဟန်းဟာ ကုန်းတိုက်တဲ့ ပိသုဏာဝါစာကံကြောင့် အဝီစိငရဲကိုကျပါတယ်။ မထေရ်နှစ်ပါးက နောက်ပိုင်းမှာအကြောင်းအကျိုးသိပြီး တစ်ပါးနဲ့တစ်ပါး သည်းခံခွင့်လွှတ်၊ မေတ္တာဖြာပွားစိုက်ရှိနဲ့ နေထိုင်သွားကြပါတယ်။

ဒုစရိုက် ၁၀ ပါးကတော့ သုစရိုက် ၁၀ ပါးရဲ့ ဆန့်ကျင်ဘက်တွေဖြစ်ပါတယ်။ ကောင်းတဲ့အမှုတွေရဲ့ ဆန့်ကျင်ဘက်မကောင်းမှုတွေဖြစ်ပါတယ်။ ဒုစရိုက်ဆိုတာ မိမိကိုယ်ကို နှိပ်စက်ဖို့ဖြစ်သလို သူတစ်ပါးကို နှိပ်စက်ဖို့လဲဖြစ်ပါတယ်။ သုစရိုက်ဆိုတာကတော့ မိမိကိုယ်ကိုနှိပ်စက်ဖို့လဲမဖြစ်၊ သူတစ်ပါးတွေကိုနှိပ်စက်ဖို့လဲမဖြစ်ပါ။ ဒါကြောင့် လောကီလူ့ဘောင်ဘဝရောက်ခိုက်ခဏမှာ ဒုစရိုက်တရားတွေ ရှောင်ကြဉ်၊ သုစရိုက်တရားတွေကို ကျင့်ကြံရင်း လူအချင်းချင်း ဆက်ဆံရေးနယ်ပယ်ကို တည်ဆောက်နေကြရမှာ ဖြစ်ပါတယ်။

> ❖ ဆက်ဆံရေးမှာ လူအချင်းချင်းဆက်ဆံရေး၊ လူနဲ့ပတ်ဝန်းကျင်ဆက်ဆံရေးလို့ အကြမ်းအားဖြင့်ဆိုနိုင်ပါတယ်။ လူအချင်းချင်းဆက်ဆံရေးမှာ တစ်ဦးနဲ့တစ်ဦးချင်း၊ မိသားစုအတွင်း၊ ရပ်ရွာအတွင်း၊ လုပ်ငန်းခွင်အတွင်းနဲ့ အဖွဲ့အစည်းအတွင်း ဆက်ဆံရေးတွေကအစ နိုင်ငံတကာဆက်ဆံရေးတွေထိ ကျယ်ပြန့်ပါတယ်။ တစ်ဦးနဲ့တစ်ဦးချင်း ဆက်ဆံတာ၊ တစ်ယောက်နဲ့အများ ဆက်ဆံကြတာတွေကို လူသားတိုင်းက နေ့စဉ် မဖြစ်မနေဆောင်ရွက်နေကြပါတယ်။ ❖

နေ့စဉ်နဲ့အမျှ လူအချင်းချင်းပြောဆိုဆက်ဆံတာ၊ လုပ်ရင်းကိုင်ရင်းထိတွေ့ဆက်ဆံကြတာတွေကို အမြဲသတိပြုဆက်ဆံကြဖို့လိုပါတယ်။ လူ့သဘာဝအရ ချစ်ခင်မြတ်နိုးကြလို့ ပေါင်းဖော်နေတဲ့ဇနီးမောင်နှံတွေတောင်မှ စကားတစ်ခွန်းကြောင့် အိမ်ထောင်သက်တမ်းကြာမြင့်မှ ကွဲကြတာမျိုးတွေရှိပါတယ်။

မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်ဆက်ဆံရေးတွေမှာ ဂါရဝတရားထားပြီး ဆက်ဆံကြရပါမယ်။ လုပ်ငန်းခွင်အတွင်းမှာလဲ တန်းတူအဆင့်တူ ဝန်ထမ်းချင်း ဆက်ဆံရေး၊ အကြီးအကဲနဲ့ လက်အောက်ငယ်သားတွေရဲ့ အထက်၊ အောက် ဆက်ဆံရေးဆိုတာရှိပါတယ်။ ဒူးနေရာဒူး၊ တော်နေရာတော်ဆိုသလို ပြောကြဆိုကြ၊ လုပ်ကြကိုင်ကြရမှာဖြစ်ပါတယ်။

တစ်ဦးနဲ့အများစု ဆက်ဆံရေးအပိုင်းမှာတော့ ရောင်းသူနဲ့ စားသုံးသူသဘောမျိုးဖြစ်လာပါတယ်။ ဥပမာပြောရရင် အနုပညာရှင်တစ်ယောက်ရဲ့ဖျော်ဖြေမှုကို ပရိသတ်ပြည်သူတွေက ခံစားကြတယ်။ အများက လက်ခံလာရင် ထင်ပေါ်ကျော်ကြားပြီး အောင်မြင်တဲ့ အနုပညာရှင်ဖြစ်သွားတယ်။ အောင်မြင်သွားတဲ့အချိန်ရောက်တော့မှ ပရိသတ်ကို မထီမဲ့မြင်ပြုတဲ့ဆက်ဆံရေး၊ အောက်ခြေလွတ်တဲ့ဆက်ဆံရေးတွေ ပြုမိရင် ကျဆုံးခြင်းနဲ့ ရင်ဆိုင်သွားရတတ်ပါတယ်။

မျက်မှောက်ခေတ်လူငယ်တွေရဲ့ဆက်ဆံရေးတွေကို လေ့လာကြည့်တဲ့အခါမှာ ခေလှေတိုးတမ်းစဉ်လာတွေ၊ ယဉ်ကျေးမှုတွေ၊ လောကနီတိတွေနဲ့ အလှမ်းဝေးလာကြပါတယ်။ မိဘကိုမိဘလို၊ ဆရာကိုဆရာလို၊ ရှိသေထိုက်သူတွေကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ ပြုစုပျိုးထောင်ပေးဖို့ လိုအပ်နေပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်အနည်းငယ်ကာလနဲ့ မျက်မှောက်ကာလ ဆက်ဆံပုံတွေ၊ ပြောဆိုပုံတွေကအစ ကိုယ်ဟန်ပန် အမူအရာတွေအဆုံး နှိုင်းယှဉ်ကြည့်ရင် ယဉ်ကျေးတယ်၊ ရိုင်းစိုင်းတယ်ဆိုတဲ့မြင်ကွင်းတွေကို ကွဲကွဲပြားပြား ကြားသိမြင်တွေ့နိုင်ပါတယ်။

နောက်တစ်ချက်ကတော့ ဆက်ဆံရေးနယ်ပယ်မှာ အရှိန်အဟုန်နဲ့ နေရာယူလာတဲ့ လူနဲ့ပတ်ဝန်းကျင်ဆက်ဆံရေးဖြစ်ပါတယ်။ လူနဲ့ပတ်ဝန်းကျင်ဆက်ဆံရေးဆိုတာ အရင်ကလဲရှိနေခဲ့တာပါပဲ။ လက်ရှိဆက်ဆံရေးနယ်ပယ်မှာ ပြောင်းလဲနေပြီဆိုတာ အတူတွဲဖက်အသုံးပြုလာကြတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေဟာ တိုးတက်ပြောင်းလဲလာပါတယ်။ ပြောင်းလဲမှုတွေနဲ့အတူ မမြင်နိုင်တဲ့အနေအထား၊ မသိမသာအနေအထား၊ ထင်သာမြင်သာတဲ့ အနေအထားတွေမှာ ကောင်းကျိုးတွေကော ဆိုးပြစ်တွေပါ တရစပ်ဝင်ရောက်နေပါတယ်။ ဒါတွေက ကြည့်တတ်မှမြင်နိုင်ပါတယ်။ မြင်ရင်လဲ တစ်ဦးချင်းစီက အသိတရားနဲ့ တည့်မတ်ထိန်းကျောင်းပြုပြင်ပေးကြဖို့လိုပါတယ်။

လူနဲ့ပတ်ဝန်းကျင်ဆက်ဆံရေးမှာ အသုံးပြုလာတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ၊ နည်းပညာတွေကို မဖြစ်မနေ သုံးစွဲလာကြပါတယ်။ ဒီရုပ်ဝတ္ထုပစ္စည်းနဲ့ နည်းပညာတွေမှာ စာနယ်ဇင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ဗီဒီယို၊ ဟောပြောပွဲ၊ တရားပွဲ၊ သင်တန်း၊ ဓာတ်ပုံ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ကွန်ပျူတာနဲ့ ဆက်စပ်ပေါ်ပေါက်လာတဲ့အင်တာနက်ခေါ်တဲ့ ဆက်သွယ်ရေးကွန်ရက်စနစ်တွေ၊ တယ်လီဖုန်းနဲ့ အသုံးပြုကြတဲ့ ဆက်သွယ်ရေးနည်းပညာတွေ၊ လူထုဆက်သွယ်ရေးလုပ်ငန်းတွေပါဝင်ပါတယ်။ အထင်ရှားဆုံးစကားနဲ့ ပြောရရင် မီဒီယာဆက်ဆံရေးဖြစ်ပါတယ်။ မီဒီယာ (Media) ဆိုတာ လူထုဆက်သွယ်ရေးနည်းစနစ်များ (Means of Mass Communications) လို့ အဓိပ္ပာယ်ရပါတယ်။ အများပြည်သူတွေ ထိတွေ့ခံစားနိုင်အောင်နဲ့ ပြည်သူထံကိုပေးချင်တဲ့ သတင်းစကားတွေကို ရောက်အောင်ဆက်သွယ်နိုင်တဲ့ လူထုဆက်သွယ်ရေးနည်းပညာတွေဖြစ်ပါတယ်။

မီဒီယာဟာအပြုသဘောတွေကို ဖန်တီးနိုင်သလို အဖျက်လုပ်ငန်းတွေကိုလဲ ဖန်တီးနိုင်ပါတယ်။ အပြုသဘောဆောင်တဲ့မီဒီယာနဲ့ အဖျက်သဘောဆောင်တဲ့ မီဒီယာဆိုတာကတော့ သုံးစွဲသူတွေအပေါ် မူတည်ပါတယ်။ ဒါကြောင့် ဆက်ဆံရေးနယ်ပယ်မှာ မီဒီယာကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနယ်ပယ်အသီးသီးမှာ ကောင်းမွန်တဲ့ဘက်က အသုံးချတာမျိုးတွေရှိသလို အဆိုးဘက်အနေနဲ့ မီဒီယာကိုလက်နက်တစ်ခုလို အသုံးချလာကြပါတယ်။ ဆက်ဆံရေးနယ်ပယ်အသီးသီးမှာ မီဒီယာကိုတလွဲအသုံးချနေကြတာကြောင့် အများပြည်သူတွေအပေါ် ဆိုးကျိုးတွေရှိနေပါတယ်။ မိမိအသုံးပြုနေတဲ့မီဒီယာဟာ အကောင်းလား အဆိုးလား ဝေဖန်ပိုင်းခြားအသုံးပြုကြဖို့လိုပါတယ်။

တစ်ဦးချင်းဆက်ဆံရေးမှာ အများစုကိုထိခိုက်မှုနည်းပါတယ်။ အများနဲ့ဆက်ဆံရတဲ့ပြည်သူ့ဆက်ဆံရေးနယ်ပယ်မှာတော့ ကောင်းကျိုးရှိရင်လဲ အများက ခံစားနိုင်ကြသလို ဆိုးကျိုးတွေဖြစ်လာပြီဆိုရင်လဲ ပြည်သူအများစုသာ ခံစားကြရပါတယ်။ ပြည်သူ့ဆက်ဆံရေးဆိုတာ ဦးဆောင်အဖွဲ့အစည်းရဲ့ လုပ်ဆောင်မဲ့လုပ်ငန်းတွေကို အများစုက သိရှိနားလည်လက်ခံလာအောင် လုပ်ဆောင်တာဖြစ်ပါတယ်။ တချို့က ပြည်သူ့ဆက်ဆံရေး (Public Relations) နဲ့ ဝါဒဖြန့်ချိရေး (Propaganda) ဆိုတဲ့ ဝေါဟာရနှစ်ခုကို ရောထွေးနေကြတယ်။

ဝါဒဖြန့်ချိရေးဆိုတာ မူဝါဒတစ်ခု ဒါမှမဟုတ် စိတ်ကူးအကြံအစည်တစ်ခု ဒါမှမဟုတ် အကြောင်းကိစ္စတစ်ခုခုကို နည်းအမျိုးမျိုးနဲ့ဖြန့်ချိ သွတ်သွင်းဆောင်ရွက်တာဖြစ်ပါတယ်။ ပြည်သူ့ဆက်ဆံရေးဆိုတာ မိမိမူဝါဒလုပ်ငန်းစဉ်တွေကို ပြည်သူလူထုနားလည်လက်ခံလာအောင်ဆောင်ရွက်၊ ပြည်သူလူထုရဲ့သဘောထားအမြင်တွေ၊ လိုအင်ဆန္ဒတွေကို သိရှိအောင်လုပ်ပြီး မိမိမူဝါဒနဲ့ ပြည်သူလူထုဆန္ဒသဘောထား ကိုက်ညီအောင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဝါဒဖြန့်ချိရေးဟာ လွတ်လပ်စွာလုပ်ကိုင်နိုင်ပေမဲ့ သတ်မှတ်ထားတဲ့ ရည်မှန်းချက်ကို မသမာတဲ့နည်းနဲ့ရယူတတ်ကြပါတယ်။ ပြည်သူ့ဆက်ဆံရေးကတော့ ရေရှည်မှာတာဝန်ယူမှုရှိပြီး အပြန်အလှန်နားလည်မှု ရယူကြိုးပမ်းတာဖြစ်တယ်။

ဆက်ဆံရေးဆိုတာ သုံးစွဲတတ်ရင် တစ်ယောက်နဲ့တစ်ယောက်ကြားမှာဖြစ်စေ၊ တစ်ယောက်နဲ့အများကြားမှာဖြစ်စေ သဘောထားတူညီတဲ့ နှစ်ဖက်အမြင်ကို ပေါင်းကူးဆက်စပ်ပေးတာဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက်က လိုလားချက်နဲ့သဘောထားတွေကို နားလည်မှုရှိဖို့လိုပါတယ်။ အခြေအနေမှန်တွေကို တိတိကျကျ သိရှိထားဖို့လဲ လိုအပ်ပါတယ်။ ဒါတွေပြည့်စုံတယ်ဆိုရင်တော့ အောင်မြင်တဲ့ဆက်ဆံရေးကို တည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်။


ရေမြောင်းကလေးတွေပေါင်းဆုံမိတော့ ချောင်းတစ်ခုဖြစ်သွားပါတယ်။ ချောင်းတွေပေါင်းစည်းမိတော့ မြစ်လက်တက်၊ မြစ်လက်တက်တွေစုမိတော့ မြစ်တစ်စင်းဖြစ်သွားတယ်။ မြစ်တွေပေါင်းဆုံ စီးဝင်သွားတော့ ပင်လယ်၊ ပင်လယ်ပြင်ထက် နက်ရှိုင်းကျယ်ဝန်းလာတော့ သမုဒ္ဒရာဆိုတဲ့ ရေပြင်ကြီးဖြစ်သွားပါတယ်။ ဆက်ဆံရေးဆိုတာလဲ တစ်ယောက်ချင်းစီကစပြီး နိုင်ငံတကာဆက်ဆံရေးထိ သမုဒ္ဒရာကြီးလို နက်ရှိုင်းကျယ်ဝန်းတဲ့အလုပ်တစ်ခုဖြစ်ပါတယ်။

ဒီလိုသမုဒ္ဒရာကြီးနဲ့တူတဲ့ ဆက်ဆံရေးလုပ်ငန်းစဉ်ကို လူတိုင်းက နေ့စဉ် မဖြစ်မနေအသုံးချနေကြပေမဲ့ ဆက်ဆံရေးကို သာမန်အလုပ်တစ်ခုလိုသာ သဘောထားကြပါတယ်။ ဆက်ဆံရေးကို အလေးအနက်ထား အသုံးပြုကြရင် လက်တွေ့ကောင်းကျိုးတွေခံစားကြရပါမယ်။ ပေါ့ပေါ့တန်တန် သဘောထားနဲ့ လုပ်ကိုင်ရင်တော့ အများကိုပါထိခိုက်စေနိုင်တဲ့ ဆိုးကျိုးတွေကို ခံစားရနိုင်ပါတယ်လို့ ဖော်ပြလိုက်ရပါတယ်။

**ကိုးကား**

- **ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
- **ပြည်သူ့ဆက်ဆံရေး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး၊ သင်တန်းမှတ်စု**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အာဆင်နယ်အသင်း၊ ဘုန်းမောက်အသင်းတို့ကိုရွေးချယ်ရမှာပါ




တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်ပြိုင်ပွဲတွေသာရှိပေမဲ့ မြို့ခံပြိုင်ဘက်အသင်းတွေနဲ့ တိုက်စစ်ကောင်းတဲ့အသင်းတွေ တွေ့နေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မှာသေချာပါတယ်။ လက်ရှိမှာတော့ ပရီးမီးယားလိဂ်ပြိုင်ပွဲတွေဟာ ဘောက်ဆင်ဒေးကာလအဖြစ် အမှတ်ပေးပွဲစဉ်တွေကို ဆက်တိုက်ကစားနေတာဖြစ်တာကြောင့် ကစားသမား ဒဏ်ရာရမှုနဲ့ ပွဲပန်းမှုတွေရှိနေတာဖြစ်လို့ အဓိကကစားသမားတွေ ဒဏ်ရာကင်းစင်နေတဲ့ အသင်းတွေကိုသာ ဦးစားပေးချဉ်းကပ်ရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညပွဲစဉ်မှာ တိုက်စစ်ကစားပုံထက်မြက်နေပြီး အဓိက ကစားသမားစုံလင်နေတဲ့အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

**အာဆင်နယ်အသင်း အနိုင်ရမှာပါ**

ပရီးမီးယားလိဂ်ပွဲစဉ်(၂၀)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဖူလ်ဟမ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက နည်းပြမာကို့ဆေးဗားလက်အောက်မှာပုံစံကောင်းတွေရရှိခဲ့ပြီး ရာသီပိတ်သိမ်းချိန်မှာအဆင့်(၁၀) ထိရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့နွေရာသီမှာ တိုက်စစ်မှူးမက်ထရိုဗစ် ထွက်ခွာသွားပြီးနောက်ပိုင်း တိုက်စစ်ပိုင်းမှာ ဂျိမီနက်ဇ်၊ အီဝိုဘီတို့ကို အစားထိုးခေါ်ယူခဲ့ပေမဲ့ တိုက်စစ်ပိုင်းဂိုးရဖို့ခက်ခဲသွားပြီး ရလဒ်ပိုင်းကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ခံစစ်ပိုင်းမှာလဲ ဘက်ဆေး၊ ကက်စတာနီတို့လိုအတွေ့အကြုံရှိတဲ့ကစားသမားတွေ ဖြည့်တင်းခဲ့ပေမဲ့ လက်ရှိအချိန်ထိ ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်သေးတာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ ပုံမှန်အသုံးပြုနေတဲ့ ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်လေ့ရှိပေမဲ့ ခံစစ်ကစားသမားတွေ တိုက်စစ်အလွန်အကျွံလိုက်ပါနေမှုကြောင့် မရှုံးသင့်တဲ့ပွဲစဉ်တွေကို ရှုံးခဲ့တယ်လို့ဆိုရမှာပါ။ နောက်ဆုံးငါးပွဲမှာတော့ ဝက်စ်ဟမ်းအသင်းကိုသာငါးဂိုးပြတ်အနိုင်ရခဲ့ပြီး နယူးကာဆယ်၊ အဲဗာတန်၊ ဘန်လေ၊ ဘုန်းမောက်တို့ကို နိုင်ပွဲမရခဲ့ဘဲ ခံစစ်ကပေးဂိုး ကိုးဂိုးထိ ရှိခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်း တိုက်စစ်ပိုင်းကိုတော့ ဟာရဲရား၊ ဂျိမီနက်ဇ်၊ ဝီလျံ၊ အီဝိုဘီတို့ဦးဆောင်နေပေမဲ့ ကစားသမားတွေကြံ့ခိုင်မှုနဲ့ ခြေစွမ်းပိုင်းအားနည်းမှုတွေကလဲ အသင်းရဲ့ကစားပုံကျဆင်းပြီး ရလဒ်ဆိုးရွားခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ပွဲပယ်ခံထားရတဲ့ ဂျိမီနက်ဇ်ပါဝင်လာပေမဲ့ တောင်ပံကစားသမားဝီလျံ ဒဏ်ရာကြောင့် မပါနိုင်ဖို့များနေတာကြောင့် တိုက်စစ်ပိုင်းအခက်တွေ့အုံးမှာသေချာပါတယ်။ ဝီလျံကတော့ အခုပြိုင်ပွဲမှာဖူလ်ဟမ်အတွက် သွင်းဂိုးလေးဂိုးထိသွင်းယူပေးပြီး ဂိုးသွင်းအများဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။ ဖူလ်ဟမ်အသင်းဟာ အခုပွဲစဉ်မှာကစားပုံထက်မြက်နေတဲ့ လန်ဒန်မြို့ခံပြိုင်ဘက်အာဆင်နယ်နဲ့ တွေ့ဆုံနေတာကြောင့် အခက်တွေ့မှာသေချာနေပြီး သူတို့နှစ်သင်းသမိုင်းတစ်လျှောက်တွေ့ဆုံမှု ၁၅ ကြိမ်မှာလဲ ဖူလ်ဟမ်က တစ်ပွဲသာနိုင်ခဲ့တာကိုသတိပြုရမှာပါ။

အာဆင်နယ်အသင်းဟာ နည်းပြအာတီတာလက်ထက်မှာမြှုပြင်မှုတွေအများအပြားပြုလုပ်ခဲ့ပြီး လူငယ်ကစားသမားတွေနဲ့ စုဖွဲ့ခဲ့တာကြောင့် ကစားပုံကောင်းနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ ချန်ပီယံဆုရရှိဖို့ အခွင့်အရေးရခဲ့ပေမဲ့ ရာသီပိတ်သိမ်းခါနီးမှာ ကစားသမားတွေရဲ့အတွေ့အကြုံပိုင်းအားနည်းမှုကြောင့် အသင်းငယ်တွေကိုမထင်မှတ်ဘဲ ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဘောလုံးရာသီပိတ်သိမ်းချိန်မှာ အဆင့်(၂) နဲ့သာကျေနပ်ခဲ့ရပြီး မန်စီးတီးအသင်းက ချန်ပီယံဆုကိုရရှိသွားခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အခုနှစ်မှာ နည်းပြအာတီတာက ဦးဆောင်ဂိုးရပြီဆိုရင် ပြိုင်ဘက်ကိုထိန်းချုပ်ဖို့သာ ကြိုးစားပြီး ရမှတ်ပြည့်ရရှိဖို့ အဓိကပြင်ဆင်လာတာဖြစ်ပါတယ်။ လက်ရှိ ပွဲစဉ်(၁၈)ကစားအပြီးမှာတော့ ရမှတ် ၄၀ နဲ့ ဒုတိယနေရာမှာရောက်ရှိနေပြီး အဆင့်(၁)လီဗာပူးနဲ့ ရမှတ်နှစ်မှတ်သာ ကွာဟနေတာကြောင့် ချန်ပီယံဆုအတွက် အခွင့်အရေးကောင်းတွေပိုင်ဆိုင်ထားတာဖြစ်ပါတယ်။ နည်းပြအာတီတာကတော့ ၄-၃-၃ ကစားကွက်နဲ့တိုက်စစ်ပိုင်းမှာ ဆာကာ၊ မာတင်နယ်လီ၊ ဂျီးဆပ်တို့နဲ့ပွဲထွက်နေပြီး ဆာကာက သွင်းဂိုးငါးဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုနှစ်မှာတော့ တိုက်စစ်မှူးတွေဖြစ်တဲ့ မာတင်နယ်လီ၊ ဂျီးဆပ်တို့အနေနဲ့ ပြီးခဲ့တဲ့ ဘောလုံးရာသီက ဂိုးသွင်းခြေစွမ်းမျိုး ပြန်မရတော့ပေမဲ့ အာတီတာရဲ့ နည်းစနစ်ပိုင်းအပြောင်းအလဲကြောင့် ကစားသမားအားလုံးဂိုးသွင်းယူနိုင်ခဲ့ပြီး သွင်းဂိုး ၃၆ ဂိုးထိသွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ခံစစ်ပိုင်းကလဲ အခုပြိုင်ပွဲမှာ ပေးဂိုး ၁၆ ဂိုးသာရှိသေးပြီး ခံစစ်အကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေတဲ့အပြင် ပြီးခဲ့တဲ့နှစ်ကထက် ပေးဂိုးနည်းသွားတာကိုတွေ့ရမှာပါ။ ဒါကြောင့် အဘက်ဘက်က သာလွန်နေတဲ့ အာဆင်နယ်အသင်းပဲ အနိုင်ရမှာပါ။

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၅ | - | ၀ | ဝက်စ်ဟမ်း |
| နယူးကာဆယ် | ၃ | - | ၀ | ဖူလ်ဟမ် |
| အဲဗာတန် | ၁ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၀ | - | ၂ | ဘန်လေ |
| ဘုန်းမောက် | ၃ | - | ၀ | ဖူလ်ဟမ် |

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လူတန် | ၃ | - | ၄ | အာဆင်နယ် |
| အေဗီလာ | ၁ | - | ၀ | အာဆင်နယ် |
| ဘီအက်စ်ဗီ | ၁ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၂ | - | ၀ | ဘရိုက်တန် |
| လီဗာပူး | ၁ | - | ၁ | အာဆင်နယ် |

**ဘုန်းမောက်နဲ့ လက်တွဲရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲကနောက်ထပ်အကြိုက်တွေ့မိတာကတော့ စပါးအသင်းနဲ့ ဘုန်းမောက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ နည်းပြ ပိုစတီကိုဂလူလက်ထက်မှာ တိုက်စစ်ပိုင်းထက်မြက်လာတဲ့အသင်းဖြစ်ပြီး အမှတ်ပေးပွဲ ၁၈ ပွဲအပြီးမှာ ၁၁ ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြပိုစတီကိုဂလူဟာ တိုက်စစ်မှူးဟယ်ရီကိန်းထွက်ခွာသွားပေမဲ့ ဆွန်ဟောင်မင်ကို အထောင်တိုက်စစ်မှာအသုံးပြုနေပြီး မက်ဒီဆင်နဲ့ ကူလူဆက်စကီးတို့ကို ပံ့ပိုးမှုတွေလုပ်ခိုင်းခဲ့တာကြောင့် တိုက်စစ်အားကောင်းခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးဇယားထိပ်ထိတက်ရောက်နိုင်ခဲ့ပြီး ပိုစတီကိုဂလူအနေနဲ့လဲ သုံးလဆက်တိုက် အကောင်းဆုံးနည်းပြဆုကို ရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ခံစစ်ပိုင်းက ဗန်ဒီဗန်၊ မက်ဒီဆင်၊ တောင်ပံတိုက်စစ်က ဆော်လမွန်တို့ ဒဏ်ရာရသွားချိန်မှာတော့ ကစားအားကျဆင်းသွားပြီး ရလဒ်ဆိုးရွားခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ရစ်ချာလီဆန် ပါဝင်လာခဲ့တာကြောင့် အထောင်တိုက်စစ်ပိုင်းမှာ ရစ်ချာလီဆန်၊ ကူလူဆက်စကီးက မက်ဒီဆင်နေရာမှာပါဝင်ကစားနိုင်ခဲ့ပြီး ရလဒ်ကောင်းလာတာဖြစ်ပါတယ်။ သူတို့အသင်းမှာ တိုက်စစ်မှူးဆွန်ဟောင်မင်က သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးခြေစွမ်းပြသနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အဲဗာတန်အသင်းနဲ့ပွဲစဉ်မှာတော့ ခံစစ်ပိုင်းက အဓိကကစားသမားရိုမီယိုဒဏ်ရာရခဲ့ပြီး တစ်လကျော်အနားယူရမှာဖြစ်တာကြောင့် ဗန်ဒီဗန်နဲ့ ရိုမီယိုတို့မပါနိုင်တဲ့ ဗဟိုခံစစ်ပိုင်းအားနည်းသွားမှာသေချာပါတယ်။ ကွင်းလယ်မှာကစားနေတဲ့ ပါပီဆာ၊ အိုလီဗာစကာစ်တို့ကလဲ သာမန်အဆင့်သာရှိပြီး ခံစစ်ပိုင်းမှာဒိုင်ယာနဲ့ ဒေးဗစ်တို့ ပွဲထွက်လာမယ်ဆိုရင်တော့ ဘုန်းမောက်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မလွယ်ပါဘူး။ နည်းပြ ပိုစတီကိုဂလူကလဲ တိုက်စစ်အသားပေးတဲ့နည်းပြဖြစ်တာကြောင့် ဘုန်းမောက်လိုတန်ပြန်တိုက်စစ်ကနေ နိုင်ပွဲရှာလေ့ရှိတဲ့အသင်းနဲ့ဆိုအခက်တွေ့နိုင်သလို ဆိုလန်ကီရဲ့ လျင်မြန်မှုကိုဟန့်တားဖို့အတွက် စပါးအသင်းခံစစ်ပိုင်း လိုအပ်ချက်တွေ ရှိနေတာကိုတွေ့ရမှာပါ။

ဘုန်းမောက်အသင်းဟာ နည်းပြ အီရာအိုလာလက်ထက်မှာ ရာသီအစ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ကြိုးစားခဲ့ရပေမဲ့ နိုဝင်ဘာလက ကစားခဲ့တဲ့ မန်စီးတီးအသင်းနဲ့ပွဲစဉ်မှာ ခြောက်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးနောက်ပိုင်း ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ကစားခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲရှစ်ပွဲဆက်မှာ ရှုံးပွဲမရှိတော့ဘဲ နယူးကာဆယ်၊ မန်ယူ၊ အေဗီလာတို့လိုအသင်းတွေကို အသာစီးက ကစားနိုင်ခဲ့တဲ့ခြေစွမ်းပိုင်းကအားရစရာကောင်းပါတယ်။ အဲဒီပွဲစဉ်တွေမှာတိုက်စစ်ပိုင်းကလဲ တစ်ပွဲအနည်းဆုံးသွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး တိုက်စစ်မှူးဆိုလန်ကီကလဲ အဲဒီပွဲစဉ်တွေမှာ သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်းနည်းပြကလဲ ၄-၂-၃-၁ ကစားကွက်မှာ ဆိုလန်ကီကို အထောင်ထားပြီး တာဗာနီယာ၊ ဆီမီရို၊ ကလိုက်ဗက်တို့နဲ့တွဲဖက်အသုံးပြုခဲ့ရာမှာ ကစားသမားတွေခြေစွမ်းပြနိုင်ခဲ့တာကြောင့် နောက်ဆုံးရှစ်ပွဲဆက် ရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ စပါးအသင်းနဲ့တွေ့ဆုံနေတာကြောင့် ဘုန်းမောက်အသင်းအတွက် စမ်းသပ်ခံရမဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ဒါပေမဲ့ စပါးအသင်းဟာ ခံစစ်ပိုင်းနဲ့ ကွင်းလယ်တိုင်းကအဓိကကစားသမားတွေ ဒဏ်ရာရနေတာကြောင့် ဘုန်းမောက်အသင်းအတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်နေတာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းဟာ ပွဲစဉ်(၁၈)အပြီးမှာ ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၅ မှတ်ရရှိခဲ့ပြီး အဆင့်(၁၂)မှာရောက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အခုပွဲစဉ်ကိုအနိုင်ရခဲ့ရင်တော့ အမှတ်ပေးဇယားအဆင့်(၁၀)အတွင်း ဝင်ရောက်ခွင့်ရမှာဖြစ်နေတာကြောင့် နည်းပြအီရာအိုလာအနေနဲ့ ပိုစတီကိုဂလူရဲ့ စပါးတိုက်စစ်ကို အတတ်နိုင်ဆုံးထိန်းချုပ်ပြီး ရမှတ်ခွဲယူမှာသေချာပါတယ်။ လက်ရှိအကျောပေးမှုမှာတော့ စပါးအသင်းကတစ်ဂိုးနဲ့နိုင်ရင် တစ်ဝက်လောက်ပျော်ခွင့်ရမဲ့ အကျောပေးမှုက စပါးအနေနဲ့ ဘုန်းမောက်ကိုအနိုင်ရခဲ့ရင်တောင် ဂိုးမပြတ်နိုင်တဲ့အခြေအနေရှိနေတာကြောင့် အပြန်အလှန်သွင်းဂိုးတွေနဲ့ ရမှတ်ခွဲယူမဲ့ ဘုန်းမောက်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၃ | - | ၃ | စပါး |
| စပါး | ၁ | - | ၂ | ဝက်စ်ဟမ်း |
| စပါး | ၄ | - | ၁ | နယူးကာဆယ် |
| နော်တင်ဟမ် | ၀ | - | ၂ | စပါး |
| စပါး | ၂ | - | ၁ | အဲဗာတန် |

**ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၂ | - | ၂ | အေဗီလာ |
| ပဲလေ့စ် | ၀ | - | ၂ | ဘုန်းမောက် |
| မန်ယူ | ၀ | - | ၃ | ဘုန်းမောက် |
| နော်တင်ဟမ် | ၂ | - | ၃ | ဘုန်းမောက် |
| ဘုန်းမောက် | ၃ | - | ၀ | ဖူလ်ဟမ် |

# ဖိလစ်ပိုင်နိုင်ငံသို့ ကြက်သွန်နီများ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရေးဆောင်ရွက်နေ



ရန်ကုန် ဒီဇင်ဘာ ၂၉

ဖိလစ်ပိုင်နိုင်ငံသို့ ကြက်သွန်နီများ တိုက်ရိုက်တင်ပို့ရောင်းချပေးနိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ မီးဖိုချောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း၏ သတင်းများအရ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ကြက်သွန်နီများကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရောင်းချပေးမှုရှိနေသော်လည်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံမှတစ်ဆင့် တင်ပို့ရောင်းချပေးနေရကြောင်း၊ ထိုသို့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ကုန်သည်များမှတစ်ဆင့် တင်ပို့ရောင်းချပေးနေရသဖြင့် ကုန်ကျစရိတ်များ မြင့်မားနေသောကြောင့် ထိုက်သင့်သည့်အကျိုးအမြတ်ခံစားရမှုမရှိဘဲ အကျိုးအမြတ်ရရှိမှုနည်းပါးနေကြောင်း သိရသည်။

ထို့ကြောင့် မြန်မာ့ကြက်သွန်နီကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရောင်းချပေးရာတွင် ထိုက်သင့်သည့် အကျိုးအမြတ်များ ခံစားရရှိစေရေးအတွက် တိုက်ရိုက်တင်ပို့ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ကြက်သွန်နီများ တိုက်ရိုက်တင်ပို့ရောင်းချပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ မီးဖိုချောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ လက်ရှိတွင် အစိုးရချင်း သဘောတူညီမှုစာချုပ်(G to G) ရရှိနိုင်ရေးအတွက် မြန်မာ့ကြက်သွန်နီအရည်အသွေးကို အကဲဖြတ်နိုင်ရန် ကနဦးအစီအစဉ်အနေဖြင့် အစမ်းတင်ပို့မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစိုးရချင်း သဘောတူညီမှုစာချုပ်(G to G)ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ မီးဖိုချောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ဖိလစ်ပိုင်နိုင်ငံ နိုင်ငံတကာကုန်သွယ်မှုကော်ပိုရေးရှင်း(PITC)၊ ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ စက်ရုံနှင့် စက်မှုလုပ်ငန်းဗျူရို စသည့်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိတွင် ကြက်သွန်နီများကို တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် လာအိုနိုင်ငံသို့ တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ကြက်သွန်နီ အရည်အသွေး၊ အရွယ်အစားနှင့် ထွက်ရှိရာဒေသအလိုက် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ မှ ၃၈၀၀ ထိ ပေါက်ဈေးရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက် သတင်းများအရ သိရသည်။ (၃၃၆)

# ပဒါန်း-ငဖဲ-စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ ဆက်သွယ်သောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ငဖဲ ဒီဇင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဒါန်း - ငဖဲ - စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ ဆက်သွယ်သောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာသန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ပဒါန်း-ငဖဲ-စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ ဆက်သွယ်သောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာသန်းက ဆောင်ရွက်ပြီး ကတ္တရာလမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ပဒါန်း-ငဖဲ-စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ ဆက်သွယ်သောလမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ၂၄၃ ဒသမ ၃၅ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပဒါန်း-ငဖဲ-စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ ဆက်သွယ်သောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ဇီးတောကြီး၊ ပေါင်းကလေးနှင့် အောင်ပင်လယ်ကျေးရွာရှိ အိမ်ခြေ ၄၃၄ အိမ်မှ လူ ၁၇၇၁ ဦးတို့ ရာသီမရွေးသွားလာရလွယ်ကူနေပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

စင်မာ






## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မှေးမှိန် ပျောက်ကွယ်သွားပါက နိုင်ငံနှင့် လူမျိုးအပေါ် အထင်ကြီးလေးစားမှု လျော့နည်းပြီး အမျိုးသားရေး အားမာန်များ ခန်းခြောက်လာမည်ဖြစ်...

❖ အမျိုးသားရေး အားမာန် ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏ အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၄ရက်တွင်ပြုလုပ်သော (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်သူ များပြားလာသဖြင့် ဘုရားဖူးချိန် တိုးမြှင့်သွားမည်

စာမျက်နှာ - ၂၇

၂၀၂၃ ခုနှစ် မြန်မာရုပ်ရှင်ထူးချွန်ဆုအတွက် စာရင်းဝင် ရုပ်ရှင်ဇာတ်ကား ၃၅ ကားကို ပထမအကြိမ် စိစစ်မှုများ ပြုလုပ်နေပြီး ဆုပေါင်း ၁၂ ဆု ရွေးချယ်ချီးမြှင့်မည်

စာမျက်နှာ - ၁၁

ဒေသတစ်ခုတည်းအတွက်သာမက တစ်နိုင်ငံလုံးကို ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးမယ့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း

ဆောင်းပါး စာမျက်နှာ - ၂၀

## ဈေးကွက်ဝယ်လိုအားရရှိထားသော မြန်မာ့ထောပတ်သီးပို့ဆောင်မှုစရိတ် သက်သာသောနည်းလမ်းဖြင့် ထုတ်ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းနေ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အရည်အသွေးကောင်းမွန်သော ထောပတ်သီးများကို စိုက်ပျိုးထုတ်လုပ်၍ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ အိန္ဒိယနိုင်ငံ ထောပတ်သီးကုမ္ပဏီတစ်ခုက မြန်မာ့ထောပတ်သီးကို ဝယ်ယူရန် ကမ်းလှမ်းထားပြီး ဈေးကွက်ဖွံ့ဖြိုးမှုတွင် သယ်ယူပို့ဆောင်စရိတ် သက်သာစေမည့် ရေလမ်းခရီးမှ တင်ပို့နိုင်မှုဖြင့် ထုတ်ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်မိတ်ဖက်အဖွဲ့အစည်းများ ကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား နှစ်နိုင်ငံသံတမန်ဆက်ဆံမှု (၇၅)နှစ်မြောက်အထိမ်းအမှတ်ကို အိန္ဒိယနိုင်ငံ မြန်မာသံရုံး၌ ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲမျိုးစုံနှင့်ထောပတ်သီးတို့ကို ထိုနေ့တွင် မိတ်ဆက်ပြသခဲ့ပြီး အရည်အသွေးကောင်းမွန်သော ဟပ်စ်(Hass)အမျိုးအစား ထောပတ်သီးကို နှစ်ခြိုက်ကြ၍ ဈေးကွက်ကမ်းလှမ်းခဲ့သည်။ ပို့ကုန်ကဏ္ဍတွင် လေကြောင်းထက် သယ်ယူပို့ဆောင်မှုစရိတ်သက်သာစေသည့်ရေလမ်းကြောင်းမှ ပို့ဆောင်မှုနှင့်အတူ တောင်ကြီးတွင် အအေးခန်းစက်ရုံများတည်ဆောက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊

စာမျက်နှာ ၁၇ ကော်လံ ၁ ☆



